ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ သောကြာနေ့၊ (4-5-2012) (၇၁၁၀)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိုင်အယ်လ်အို အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခေါင်းဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် International Labour Organization (ILO) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. Greg Vines ခေါင်းဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းပေးခဲ့သည့် အလုပ်သမားများဆိုင်ရာဥပဒေများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံနှင့် ILO ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများရှာဖွေရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း International Labour Organization (ILO) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. Greg Vines အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နိုင်ငံတကာပါလီမန်များဆိုင်ရာသမဂ္ဂ (IPU) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Norah Babic အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နိုင်ငံတကာပါလီမန်များဆိုင်ရာသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နိုင်ငံတကာပါလီမန်များဆိုင်ရာ သမဂ္ဂ (IPU) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Norah Babic နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နိုင်ငံတကာပါလီမန်များဆိုင်ရာသမဂ္ဂ(IPU)မှ လွှတ်တော်များအား အကူအညီပေးရေးအတွက် လိုအပ်ချက်များ ဆန်းစစ်သုံးသပ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ယ နေ့ သ တ င်း အ ညွှ န်း

ထူးချွန်ကြက်ခြေနီမောင်မယ်များ အတွေ့အကြုံများ၊ နည်းလမ်းများကို အချင်းချင်းဖလှယ် ဘေးဒုက္ခရောက်လွယ်သူများနှင့် ဘေးဒုက္ခရောက်နေသူများကို ထိထိရောက်ရောက်ပံ့ပိုးကူညီ

ပြည်တွင်းသတင်း စာမျက်နှာ - ၉

စာနယ်ဇင်းများက ဖော်ပြနေသည့် သတင်းအချက်အလက်များ၏ အရည်အသွေးမြင့်မားရန်လို လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို အမြဲယှဉ်တွဲကျင့်သုံး

ပြည်တွင်းသတင်း စာမျက်နှာ - ၅

ပုဇွန်တောင်မြို့နယ် ဓာတ်အားခွဲရုံရှိ ထရန်စဖော်မာ မီးလောင်၊ ပျက်စီးဆုံးရှုံးသည်များ အချိန်မီအစားထိုး၍ ပုံမှန်ဓာတ်အားပေးနိုင်ခဲ့

ပြည်တွင်းသတင်း စာမျက်နှာ - ၈

❛ အတ္တကို ဗဟိုပြုလျက် အတ္တတွေသာ ရှေ့နောက်ရံနေသော စိတ်မျိုးကား မထားအပ်သော စိတ်ဖြစ်၏။ ယင်းစိတ်သည် ပတ်ဝန်းကျင်ကို နွမ်းပါးစေ၊ နိမ့်ကျစေ၊ ရှုပ်ထွေးစေ၊ ပူလောင်စေရုံသာမက လောကကို ကျွမ်းသွားအောင် လောင်မြိုက်စေသည့် အဖျက်စိတ်ဖြစ်သောကြောင့် ဖြစ်ပါ၏။ ❜

ရတနာစည်ဆရာတော်(လှိုင်လင်) ၏

ဆောင်းပါး စာမျက်နှာ - ၆

ကြေးမုံစာတည်းရှုထောင့် ၄-၅-၂၀၁၂(သောကြာနေ့)။

မြေကြီးက ရွှေသီးစေချင်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံ ဖြစ်သည်။ လယ်ယာစိုက်ပျိုးသူ အများစုသည် ကျေးလက်တွင်နေထိုင်ကြပြီး နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသည်။ စိုက်ပျိုးရေးကိုအခြေခံ၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဟု နှစ်များစွာကတည်းက ကြားသိခဲ့ရသည်။ ကျေးလက်တစ်ခွင်တွင်လည်း အမှန်ပင် လယ်ကွင်းပြင်ကြီးများကို တစ်မျှော်တစ်ခေါ်တွေ့ရတတ်သည်။ ထိုလယ်ယာလုပ်ငန်းဖြင့် တောင်သူဦးကြီးများ ဓားမဦးချလုပ်ကိုင်ခဲ့ကြသည်။

ရှေးတောင်သူများသည် လယ်ယာလုပ်ငန်းကို ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်ခဲ့ကြသည်မှာ အမှန်ဖြစ်ပါသည်။ ခေတ်စနစ်ပြောင်းလာသည်နှင့် အမျှ လယ်ယာလုပ်ငန်းခွင်များသည် တိုးတက်ခေတ်မီလာဖို့သာဖြစ်ပါသည်။ တောင်သူလယ်သမားများ၏ အဓိကဆန္ဒမှာ 'ရွှေကိုမလို ရေကိုသာ လိုချင်သည်' ဟုဆိုပါသည်။ ထိုလိုအပ်ချက်ကို နိုင်ငံတော်က ဖြည့်ဆည်းပေးပါသည်။ ရေရရှိသောဒေသများတွင် စပါးခင်းများမှာ စိမ်းစိမ်းလွင်လွင်ရှိပါသည်။ ရေမရရှိသောဒေသ မိုးစပါးသာရှိပြီး နွေတွင်ခြောက်သွေ့သည့် ကွင်းခေါင်ခေါင် ဖြစ်နေပါသည်။

တစ်ဖန် စပါးဈေးမှာ ကျဆင်းနေသဖြင့် တောင်သူများတွက်ခြေမကိုက် မစိုက်ကြဖြစ်ကြရသည်။ ယင်းကိုလည်း နိုင်ငံတော်က ဖြည့်ဆည်းပေးသည်။ ဒေသအလိုက်၊ ကာလအလိုက် သတ်မှတ်ပြီး ဝယ်ယူလျက်ရှိသည်။ သို့သော် နေရာတိုင်းအတွက်မူ လက်လှမ်းမမီလည်းရှိသည်။ စပါးသီးနှံအထွက်တိုးရေး အတွက် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာမှာလည်း ဈေးကောင်းလှသည်။ သယ်ယူရေး၊ သိုလှောင်ရေး၊ ကြိတ်ခွဲရေးမှာလည်း စရိတ်စက ရှိသည်။ အားလုံးပေါင်း၍ တွက်ခြေမကိုက်လျှင် စပါးအထွက်နည်းတော့သည်။ တစ်ဧကတင်း ၈၀ ထွက်လျှင် ကိုက်သေးသည်။ တင်း ၅၀ ထွက်လျှင် ရှုံးတော့သည်။

တောင်သူလယ်သမားများမှာ အရင်းအနှီးမရှိပါ။ ချေးငွေအပေါ် မှီခိုရသည်။ ချေးငွေအပေါ်မှီခိုရသည့်သံသရာမှ လွတ်မြောက်အောင် လုပ်ရသည်။ တစ်ခါ သဘာဝဘေးအန္တရာယ်လည်းကြည့်ရသည်။ ထိုသို့ အခက်အခဲပေါင်းများစွာ ရှိလာသောအခါ လယ်ယာမြေကိုစွန့်ခွာ၍ အခြားအလုပ်ကို ပြောင်းလုပ်တော့သည်။ ပို၍ဆိုးသည်မှာ လယ်မြေကိုစွန့်ခွာခြင်းမဟုတ်ဘဲ ပေါင်နှံရောင်းချသည့် အဖြစ်ကိုရောက်ခဲ့သည်။ လယ်ယာမြေများတွင် လူနေအိမ်များ ရောက်လာရသည်။ ထို့နောက် လယ်ယာမြေပိုင်ဆိုင်မှုပြဿနာများ ဖြစ်ပွားရသည်။

စသည့်အကြောင်းများကြောင့် စီးပွားချောင်လည်စေရန်တစ်ခုတည်း အတွက် မိရိုးဖလာလယ်ယာလုပ်ငန်းများ လျော့နည်းလာခြင်းသည် စပါး အထွက်နှုန်းကျဆင်းစေသည့်အကြောင်းများ ဖြစ်လာသည်။ ယမန်နှစ်က ဗီယက်နမ်က စပါးတင်းကိုးသန်း တင်ပို့သည့်အချိန်တွင် မြန်မာနိုင်ငံက တင်း ငါးသိန်းခန့်တင်ပို့သည့်အခြေအနေကို မြင်တွေ့နိုင်မည်။ အမှန်တွင် မြန်မာနိုင်ငံ၏ စိုက်ဧကသည် ဗီယက်နမ်ထက် နှစ်ဆများပါသည်။ အဟောသိကံဖြစ်သွားသော လယ်ယာမြေများနေရာတွင် လူနေအိမ်များ၊ ခြံများ၊ စက်ရုံ၊ အလုပ်ရုံများအစားထိုးနေရာယူလာခြင်းဖြင့် လယ်ယာထုတ်ကုန်များ လျော့နည်းလာရသည်။

တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါးတိုးတက် မြင့်မားရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်သည်။ ဝိုင်းဝန်းအဖြေရှာကြရမည်ဖြစ်သည်။ တစ်ဧကချင်းအလိုက် စိုက်ဧကတိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်သီးနှစ်သီး သုံးသီးဖြစ်အောင်လုပ်ဖို့လိုမည်။ လယ်လုပ်သူတို့ အကျိုးခံစားခွင့်ရကြမည်။ လယ်မြေသည် လယ်မြေသာဖြစ်ကြမည်ဆိုလျှင် ဘယ်မှာလျှင် အထွက်မတိုးဘဲ ရှိတော့မည်နည်း။

လယ်ယာမြေသည် မိမိတို့ဘိုးဘွားအမွေအနှစ်ဖြစ်ပါသည်။ ရွှေရောင်လွှမ်းသော စပါးခင်းများသည် ရှုမျှော်၍မဆုံးရှိခဲ့ပါသည်။ တောင်သူတို့ ပျော်တပြုံးပြုံးဖြင့် စပါးပေါ်ချိန်တွင် အလှူပွဲ၊ ဇာတ်ပွဲများလည်း ကြည့်လိုလှသည်။ တောင်သူများ၏ဘဝကိုမြှင့်တင်၍သာ မြေကြီးက ရွှေသီးစေချင်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လက်ထောက်ဖြစ်သူ Ms. Cheng Hopkins ဦးဆောင်သောအဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၃

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ငြိမ်းချမ်းရေးထူထောင်ရေးဆိုင်ရာ ထောက်ပံ့ပေးမှုတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ လက်ထောက်ဖြစ်သူ Ms. Cheng Hopkins ဦးဆောင်၍ ကုလသမဂ္ဂ လူသားချင်းစာနာကူညီမှုဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ဌာနေညှိနှိုင်းရေးမှူး Mr. Ashok Nigam လိုက်ပါသောအဖွဲ့သည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး မေခလာအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေး အကောင်အထည်ဖော်မှု ကိစ္စရပ်များ၊ နယ်မြေလုံခြုံရေးကြောင့် ခေတ္တပြောင်းရွှေ့သူများအတွက် ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ထောက်ပံ့ကူညီမှုဆိုင်ရာကိစ္စများ၊ ငြိမ်းချမ်းမှုရရှိထားသောဒေသများ၌ နယ်စပ်ဒေသ ပြန်လည်ထူထောင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖော်ထုတ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ငြိမ်းချမ်းရေးထူထောင်ရေးဆိုင်ရာ ထောက်ပံ့ပေးမှုတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လက်ထောက်ဖြစ်သူ Ms. Cheng Hopkins ဦးဆောင်၍ ကုလသမဂ္ဂ လူသားချင်းစာနာကူညီမှုဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ဌာနေညှိနှိုင်းရေးမှူး Mr. Ashok Nigam လိုက်ပါသောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၅-၂၀၁၂ (သောကြာနေ့)

၇း၁၀ တရားတော်
၈း၁၅ ဇာတ်လမ်းတို
၄း၃၀ လျှပ်တစ်ပြက်
၄း၄၅ အိုင်စီတီသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ လည်မယ်. . . စားမယ်
ကမ္ဘာတစ်ခွင်ဝယ်
၆း၃၀ "ရွာ"ဟာသဇာတ်လမ်းတွဲ
အပိုင်း(၁၂၆)
တော်သေးတာပေါ့
နိုင်ဝင်း၊ ထင်လင်းညို၊
ကျော်ဇေသော်နှင့်သရုပ်ဆောင်များ
၆း၄၅ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-ကွန်ဖူးဘုရင်ဘရုစ်လီ
(အပိုင်း-၃၁)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-သံစဉ်များနှင့်ကမ္ဘာ
-ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"အရိုက်အရာ"(အပိုင်း-၉)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"သမုဒယနှောင်ကြိုး"(အပိုင်း-၂၆)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၂. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၉၄၄၆	၀. ၀၃၂၃၂
တရုတ် (ယွမ်)	၆. ၂၈၉၇၆	၀. ၁၅၈၉၉
အိန္ဒိယ (ရူပီး)	၅၃. ၄၁၅၀	၀. ၀၁၈၇၂
မလေးရှား (ရင်းဂစ်)	၃. ၀၃၁၂၈	၀. ၃၂၉၈၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၁၄၃	၀. ၈၀၅၅၂
ဂျပန် (ယန်း)	၈၀. ၄၈၃၉	၀. ၀၁၂၄၂
တောင်ကိုရီးယား(ဝမ်)	၁၁၂၉. ၁၄	၀. ၀၀၀၈၉
ယူရို	၀. ၇၅၉၆၂	၁. ၃၁၆၄၅
ဗြိတိသျှ (ပေါင်)	၀. ၆၁၈၁၇	၁. ၆၁၇၆၇

အင်တာနက်။

ကွင်းဆင်းလေ့လာမှုမှတ်တမ်းဆိုင်ရာ အတွေ့အကြုံများ ရှင်းလင်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် Save the Children Myanmar တို့ ကြီးမှူးကျင်းပသည့် ကလေးငယ်များဦးဆောင်ပါဝင်သော ကွင်းဆင်းလေ့လာမှု မှတ်တမ်းဆိုင်ရာ အတွေ့အကြုံများ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ Save the Children Myanmar မှ Country Director Mr.Kelland Stevenson နှင့် တာဝန်ရှိသူများ၊ ကွင်းဆင်းလေ့လာမှုတွင် ပါဝင်ခဲ့ကြသော ကလေးငယ်များ တက်ရောက်ခဲ့ကြသည်။

(မျိုးဆက်အောင်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ယနေ့ ဖတ်စရာ မှတ်စရာ **ခင်စောမွန်**

လောကဓံတရားကို မတုန်လှုပ်ဖို့

ဆင်းရဲချမ်းသာသဘာဝ၊ တွေ့ကြုံနေကျလူတိုင်းပေ။
ကောင်းဆိုးနှစ်တန်အစုံတွဲလို့ တစ်လှည့်စီလှည့်အမြဲနေ။
လောကဓံကြုံ မဖြုံတမ်းပေါ့ မတုန်စမ်းနဲ့စိတ်ခိုင်စေ။

ကျွန်မတို့ဝန်ထမ်းဘဝ ပင်စင်ယူခါနီးကာလ မပြည့်စုံသေးတဲ့ဘဝကို မြော်တွေးလို့ သောကဗျာပါဒတွေ ဖြစ်မိပါတယ်။ ဒါပေမယ့် ငယ်ငယ်တုန်းက ကျောင်းမှာသင်ခဲ့ရတဲ့ အထက်ပါစာပိုဒ်လေးကိုသတိရပြီး ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်သုံးသပ်လို့ ဖြေသိမ့်နေမိပါတယ်။

လူတိုင်း လောကဓံတရားကို တစ်နေ့မကြုံ တစ်နေ့ကြုံရမှာ သိနေပေမယ့် ပုထုဇဉ်မို့ ကြောက်နေမိတာအမှန်ပါ။

လာဘ-လာဘ်ရခြင်း
အလာဘ-လာဘ်မရခြင်း
ယသ-အခြွေအရံရှိခြင်း
အယသ-အခြွေအရံမရှိခြင်း
နိန္ဒာ-ကဲ့ရဲ့ခံရခြင်း
ပသံသာ-ချီးမွမ်းခံရခြင်း
သုခ-ချမ်းသာခြင်း

ဒုက္ခ-ဆင်းရဲခြင်း ဆိုတဲ့ လောကဓံတရား ရှစ်ပါးကို လောကထဲမှာနေတဲ့ လူသားတိုင်း တစ်လှည့်စီကြုံရမယ်၊ ကြုံရတဲ့အခါ မတုန်လှုပ်ဖို့ မြတ်စွာဘုရားက ဟောကြားခဲ့တာကို သတိရမိဆင်ခြင်မိတော့မှ ကျွန်မစိတ်တွေ နည်းနည်းတည်ငြိမ်သွားပါတယ်။

လောကဓံရှစ်ပါးကို မှတ်မိအောင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဆောင်ပုဒ်လေးကို သတိရလာပြန်ပါတယ်။

လာဘ်ခြွေရံရချီးမွမ်းကြ၊ သုခဝမ်းသာမြဲ
ထိုလေးမျိုးမှ ပြောင်းပြန်ကျ၊ လောကဝမ်းနည်းမြဲ။
လောကဓမ္မရှောင်မရ၊ မုချတွေ့စမြဲ။

လောကဓံတရားမှာ အကောင်းလေးမျိုး အဆိုးလေးမျိုး ရှိပါတယ်။ ကျွန်မတို့ ပုထုဇဉ်တွေကတော့ အကောင်းကို ကြိုက်နှစ်သက်ကြမှာပါ။ အဆိုးလေးပါးကိုတော့ ဘယ်ပုထုဇဉ်မှ မလိုလားကြပါဘူး။ ကြိုက်တော့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရသလို မကြိုက်တော့လည်း စိတ်ပျက်ဝမ်းနည်းကြတာ ဓမ္မတာပါပဲ။

ဒီလောကဓံတရားတွေကို ကြံ့ကြံ့ခံနိုင်ဖို့က ကိုယ်ကျင့်သီလနဲ့ ပြည့်စုံအောင် နေထိုင်ဖို့ အရေးကြီးပါတယ်။ သီလသမာဓိပြည့်စုံနေရင် ဒီလောကဓံတရားတွေကို ကြောက်ရွံ့စရာမရှိဘူးလို့ ကျွန်မတော့ ယုံကြည်မိပါတယ်။

လောကမှာ ပျက်စီးခြင်းငါးပါးရှိပါတယ်။
ဉာတိဗျသန-မိဘဆွေမျိုးသားချင်းသေကျေပျက်စီးခြင်း၊
ဘောဂဗျသန-စည်းစိမ်ဥစ္စာဆုံးရှုံးပျက်စီးခြင်း၊
ရောဂဗျသန-ရောဂါဝေဒနာ ခံစားရခြင်း၊
သီလဗျသန-ကိုယ်ကျင့်သီလပျက်စီးခြင်း၊

ဒိဋ္ဌိဗျသန-အယူလွဲမှားကာ ကံ၏အကျိုးကို မယုံကြည်တော့ခြင်း စတဲ့ပျက်စီးခြင်း ငါးပါးထဲမှာ " သီလဗျသန" ဆိုတဲ့ ကိုယ်ကျင့်သီလ စာရိတ္တပျက်စီးခြင်းက ပိုပြီး ကြောက်စရာကောင်းပါတယ်။ သီလပျက်ရင် လူသားတိုင်း ကိလေသာ တဏှာ၊ လောဘတွေ ဖုံးလွှမ်းပြီး ဒုက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရပါလိမ့်မယ်။

ယခုခေတ်မှာတော့ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတွေမှာလည်း တစ်ဦးနဲ့ တစ်ဦး လိမ်လည်လှည့်ဖြား ဦးသူစား လုပ်နေတာတွေအများကြီး တွေ့နေရပါတယ်။ ဒါဘာဖြစ်လို့လဲဆိုတော့ သီလမရှိကြလို့ပါပဲ။

သီလဆိုတာဟာ စိတ်ကို ကောင်းစွာထားခြင်း၊ ကောင်းစွာဆောင်ရွက်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ ကာယကံမှု၊ ဝစီကံမှုတွေကို စောင့်ထိန်းတယ်။ ကုသိုလ်ဟူသမျှတို့ရဲ့ မူလတည်ရာ အကြောင်းရင်းဖြစ်ပါတယ်။ အတတ်နိုင်ဆုံး ကိုယ်ကျင့်သီလစောင့်ထိန်းကြရင် ကိုယ်စိတ်နှစ်ပါးချမ်းသာတယ်။ ငြိမ်းချမ်းတယ်၊ စိုးရိမ်သောက ကင်းဝေးတယ်၊ စိတ်ဓာတ်တည်ကြည်တယ်။ ဉာဏ်ရည်မြင့်တယ်။ ကြုံတွေ့နေရတဲ့ လောကဓံတရားကို မတုန်လှုပ်ဘဲ ကြံ့ကြံ့ခံနိုင်တယ်။ အခုခေတ်မှာတော့ စည်းစိမ် ခံစားချင်ကြ၊ ချမ်းသာချင်ကြတော့ သီလတွေပျက်လာပြီး စာရိတ္တတွေပါပျက်ပြားလာတာကို တွေ့နေရပါတယ်။

သောကကင်းဝေးနေနိုင်အောင် ၊ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်အောင် သီလ စောင့်ထိန်းဖို့လိုပါလိမ့်မယ်။ သီလခြုံရင် တစ်ကိုယ်လုံး၊ တစ်ဘဝလုံး လုံခြုံပါလိမ့်မယ်။ ကျွန်မကိုယ်တိုင်လည်း လောကဓံတရားကြီးကို သီလနဲ့ပဲ ကြံ့ကြံ့ခိုင်ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

❐ ကျောဖုံးမှ

ယနေ့ဖွင့်လှစ်သည့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးသည် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုကားလမ်းဘေး ဇီဇဝါပန်းအဝိုင်းအနီးရှိ အကျယ်အဝန်း ဧက ၁၀၀ ရှိ မြေပေါ်တွင် ပြင်ပလူနာဆောင် နှစ်ဆောင်၊ ပုံရိပ်ဖော်နှင့် ခွဲစိတ်ခန်းဆောင် တစ်ဆောင်၊ ခွဲစိတ်ခန်းဆောင် တစ်ဆောင်၊ အထူးကြပ်မတ်ကုသဆောင် တစ်ဆောင်၊ ရိုးရိုးလူနာဆောင် ငါးဆောင်၊ သားဖွားမီးယပ်ဆောင် တစ်ဆောင်၊ အထူးခန်းများပါဝင်သော အခပေးလူနာဆောင် လေးဆောင်နှင့် အုပ်ချုပ်မှုဆောင် တစ်ဆောင်တို့ဖြင့် ဖွဲ့စည်းဆောက်လုပ်ကာ ၂၄ နာရီ ဝန်ဆောင်မှုပေးသွားမည် ဖြစ်သည်။

ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် အထူးကုဆရာဝန်ကြီးများဖြင့် ရောဂါရာဇဝင် မေးမြန်းရှာဖွေ စစ်ဆေးခြင်း၊ CT Scanner, Aperto Lucent MRI System, Fluroscopy & Oridinary X-Ray, Mammogram, Ultrasonography, Echocardiography အစရှိသည့် ခေတ်မီစက်ကိရိယာများဖြင့် ရောဂါရှာဖွေခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

အထူးကုသမှု (Speciality) အနေဖြင့် နှလုံးရောဂါ စမ်းသပ်ရှာဖွေခြင်း၊ ကျောက်ကပ်ရောဂါ စမ်းသပ်ခြင်း၊ ကျောက်ကပ်ဆေးစက် (Haemodialysis) ထားရှိခြင်း၊ မျက်စိရောဂါရှာဖွေခြင်း၊ မျက်စိခွဲစက် (phaeco) ဖြင့် ခွဲစိတ်ကုသခြင်း၊ အစာအိမ်အူလမ်းကြောင်းရောဂါအတွက် မှန်ပြောင်းဖြင့် ကြည့်ရှုစစ်ဆေး ကုသပေးခြင်း၊ ဝမ်းဗိုက်တွင်းရောဂါများအား ဗိုက်ခွဲရန်မလိုသည့် Key hole Surgery အပေါက်ငယ်များဖြင့် ခွဲစိတ်ကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ပြီး မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်း စမ်းသပ်ခြင်း၊ သွား၊ ခံတွင်း ကျန်းမာရေးစောင့်ရှောက်ကုသခြင်းတို့အပြင် အိမ်တိုင်ရာရောက် ဆေးကုသမှုပေးခြင်း၊ အရေးပေါ် လူနာတင်ယာဉ်များထားရှိခြင်း၊ နိုင်ငံတကာအဆင့်မီ ဆေးဝါးများအသုံးပြုခြင်း အစရှိသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ကျန်းမာရေးစစ်ဆေးခြင်း Health Screening အစီအစဉ်ကိုလည်း အများပြည်သူ စစ်ဆေးနိုင်ရန်အတွက် သင့်တင့်သောဈေးနှုန်းများဖြင့် သွေးစစ်ဆေးခြင်း၊ သွေးထဲရှိ သကြားဓာတ်တိုင်းတာခြင်း၊ သွေးချိုစမ်းသပ်ခြင်း၊ အသည်းစစ်ဆေးခြင်း၊ ကျောက်ကပ်စစ်ဆေးခြင်း၊ အသည်းရောင်အသားဝါဗိုင်းရပ်စ်ပိုး စစ်ဆေးခြင်း၊ သွေးဗေဒစစ်ဆေးခြင်း၊ သွေးထဲရှိ အဆီဓာတ်စစ်ဆေးခြင်း၊ အရိုးနှင့် အဆစ်ဓာတ်အား တိုင်းတာခြင်း၊ လည်ပင်းကြီးရောဂါစစ်ဆေးခြင်း၊ ဆီး၊ ဝမ်း စစ်ဆေးခြင်း၊ အသည်းကင်ဆာ၊ အူလမ်းကြောင်းကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ သားအိမ်ကင်ဆာ၊ ရင်သားကင်ဆာ၊ ပန်ကရိယ/အူမကြီးကင်ဆာ၊ သားဥအိမ်ကင်ဆာ ဇီဝအမှတ်အသား တိုင်းတာခြင်း၊ သားအိမ်ခေါင်းကင်ဆာ အသားစ စစ်ဆေးခြင်း၊ နှလုံးပုံရိပ်ဖော်ခြင်း၊ ဝမ်းဗိုက် အသံလှိုင်းသုံးရောဂါရှာဖွေခြင်း၊ မျက်စိ၊ သွား ကျန်းမာရေးစမ်းသပ်ခြင်း၊ နားအကြားအာရုံ စစ်ဆေးခြင်း အစရှိသည့် စစ်ဆေးမှုများကို ဆောင်ရွက်ပေးနိုင်သည်။

ဆက်လက်၍ ဒုတိယအဆင့်အနေဖြင့် နှလုံးရောဂါအား မခွဲစိတ်ဘဲကုသနိုင်သည့် ESMR စက်များ၊ ကင်ဆာရောဂါများ တိကျစွာရှာဖွေကုသနိုင်သော LA, Petscan, Tomo စက်များဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်သွားမည်ဟု သိရှိရသည်။

ဇမ္ဗူသီရိအထူးကုဆေးရုံကြီးအနေဖြင့် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိက အထူးကုဆေးရုံအနေဖြင့် တစ်ဖက်တစ်လမ်းက အထောက်အကူပြုပြီး သင့်တင့်သော ဆေးကုသစရိတ်ဖြင့် နိုင်ငံရပ်ခြားသို့သွားရောက်စစ်ဆေးကုသရန်မလိုဘဲ မိမိနိုင်ငံ၊ မိမိဆေးရုံတွင် အဆင့်မြင့်မြင့် စမ်းသပ်စစ်ဆေး ဆေးဝါးကုသနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၅-၂၀၁၂ (သောကြာနေ့)

[၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် (အဖိတ်နေ့)]

၇း၀၀	ပရိတ်တရားတော်	၅း၁၅	"စုစည်းခံစားကမ္ဘာ့အားကစား"
၇း၄၀	ဓမ္မနုဂ္ဂဟဓမ္မကဏ္ဍ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်)	၅း၃၅	"မဟာဗောဓိတထောင် သာသနာ့အောင်မြေ"
		၆း၂၀	ရသစုံလင်အင်တာနက်ဥယျာဉ်
၈း၁၀	ကြေးမုံရိပ်သွင်တေးနုယဉ်	၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဆ-ဆရာရှိသေပါ" (အပိုင်း-၂)**
၈း၂၀	"ရင်နှစ်ပန်းတို့လန်းစေချင်"		
၈း၄၀	"မဟာဝံသမြတ်ဗုဒ္ဓ"		
၄း၃၀	"ကုသိုလ်ပန်းဝေသွန်းညောင်ရေ"	၈း၀၀	ပြည်တွင်းသတင်း
၄း၃၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)		-လျှပ်တစ်ပြက်ဟာသများ **-နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း-၂)** -သီချင်းချစ်သူ (ဖိုးသောကြာ)

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတက်ရောက်

နေပြည်တော် မေ ၃

မကွေးတိုင်းဒေသကြီး ဒေသန္တရ စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၂ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြင့်နိုင်က စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းဒေသကြီး စီမံကိန်းဦးစီးမှူး ဦးထန်ဒိုးကျင့်က ကော်မတီအဆင့်ဆင့်ဖွဲ့စည်းထားခြင်းနှင့် လုပ်ငန်းတာဝန်များ၊ စီမံကိန်းကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဒေသန္တရ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် ခရိုင်နှင့်မြို့နယ် အဆင့် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးအဖွဲ့များ ဖွဲ့စည်းပြီး မေ ၇ ရက်မှ ၁၅ ရက်အထိ စာရင်းဇယားကောက်ယူနိုင်ရေး သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ်အလိုက် သင်တန်းများပို့ချခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ မေ ၁၆ ရက်မှ ၃၁ ရက်အထိ စာရင်းဇယားများ ကောက်ယူရေးအတွက် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘော်လီဘောအသင်း ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၃

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘော်လီဘောအသင်း အောင်မြင်မှုရရှိစေရန်နှင့် နိုင်ငံတကာ ဘော်လီဘောပြိုင်ပွဲ အတွေ့အကြုံများ ရရှိစေရန် အဓိကရည်ရွယ်ချက်ဖြင့် ဧပြီ ၂၁ ရက်မှ ၂၉ ရက်အထိ ထိုင်းနိုင်ငံ NAKHONRATCHASIMA မြို့၌ ကျင်းပခဲ့သော ၂၀၁၂ ခုနှစ် အာရှအမျိုးသမီးကလပ်အသင်းများ တံခွန်စိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော အဖွဲ့ခေါင်းဆောင် ဦးသိန်းဝင်း (GM, Asia World Co., Ltd.) ဦးဆောင်သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘော်လီဘောအသင်းသည် ဧပြီ ၃၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(ကြေးမုံ)

မိတ္ထီလာတွင် နိုင်လွန်လက်ဆွဲခြင်းများ အရောင်းအဝယ်ဖြစ်

မိတ္ထီလာ မေ ၃

မိတ္ထီလာမြို့တွင် ဈေးဝယ်ရာ၌ ကြိမ်လက်ဆွဲခြင်းများ၊ ပလတ်စတစ်လက်ဆွဲခြင်းများထက် နိုင်လွန်ကြိုးပြားဖြင့် ရက်လုပ်သည့် နိုင်လွန်လက်ဆွဲခြင်းများ ပိုမို အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

"အရင်တုန်းက နိုင်လွန်လက်ဆွဲခြင်းတွေကို ကျေးရွာဘက်က ဈေးဝယ်လာတဲ့သူတွေ အဝယ်များတယ်။ အခုတော့ မြို့ပေါ်ဒေသခံ အိမ်ရှင်မတွေကလည်း နိုင်လွန်လက်ဆွဲခြင်းတွေကို ဝယ်ယူသုံးစွဲလာကြတာတွေ့ရတယ်"ဟု မိတ္ထီလာဈေးကြီးမှ နိုင်လွန်လက်ဆွဲခြင်း ရောင်းချသူ တစ်ဦးက ဆိုသည်။

"ဈေးကတော့ အစားစားပဲ။ လက်ဆွဲခြင်း အကြီးအသေး အရွယ်အစားပေါ်လည်း မူတည်တယ်။ ပြီးတော့ အရွယ်အစားချင်းတူပေမယ့် တစ်ထပ်ရက်ထားတာနဲ့ နှစ်ထပ်ရက်ထားတာပေါ်မှာလည်း မူတည်တယ်ဗျ။ နှစ်ထပ်ရက်ထားတဲ့ နှစ်ထပ်ခြင်းကတော့ ဈေးနည်းနည်းပိုတာပေါ့။ ဒါပေမယ့် နှစ်ထပ်ခြင်းက ပိုပြီးတော့ အကြမ်းခံတယ်။ ပုံမှန်တော့ နိုင်လွန်လက်ဆွဲခြင်း တစ်ခြင်းကို ကျပ် ၁၅၀၀၊ ကျပ် ၂၀၀၀၊ ကျပ် ၂၅၀၀၊ ကျပ် ၃၀၀၀၊ ကျပ် ၄၀၀၀ ထိ ရောင်းချပါတယ်"ဟု ၎င်းက ပြောသည်။ **(အောက်ပုံ)**

ရောင်းကုန်ပစ္စည်း သုံးစွဲသူများသည် ဈေးနှုန်းတူသည့် ကုန်ပစ္စည်းများကို ရွေးချယ်ဝယ်ယူရာတွင် အရောင်အသွေးနှင့် တာရှည်သုံးစွဲခံမည့် ကုန်ပစ္စည်းများကို ရွေးချယ်ဝယ်လေ့ရှိသဖြင့် ကြိမ်လက်ဆွဲခြင်းနှင့် ပလတ်စတစ်လက်ဆွဲခြင်း ဈေးကွက်နေရာတွင် နိုင်လွန်လက်ဆွဲခြင်းများ ဈေးကွက်နေရာယူလာခြင်းဖြစ်ကြောင်း သိရသည်။ (၅၇၉)

အဝါရောင်လွင်ပြင်မှ အစိမ်းရောင်လွင်ပြင်သို့ ပြောင်းလဲစေခဲ့သော သဘာဝရေလျှံတွင်းများ

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း-ကိုထွေး

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်အတွင်း ပါဝင်သော ပျော်ဘွယ်-ဘုရားငါးဆူဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းအတွင်းတည်ရှိပြီး စိုက်ပျိုးရေ ဖူလုံစွာမရခြင်း၊ မြေပေါ်ရေအရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် မိုးရွာသွန်းမှု ပုံမှန်မရှိသောကာလများ (Drought Period) တွင် သီးနှံများ စိုက်ပျိုးနိုင်ခြင်း မရှိခဲ့ချေ။ ပျော်ဘွယ်-ဘုရားငါးဆူဒေသသည် ပျော်ဘွယ်မှ တောင်ကြီးမြို့သို့ သွားသော ကားလမ်းတစ်လျှောက် ပျော်ဘွယ်မှ ဘုရားငါးဆူကျေးရွာအထိ ပါဝင်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်-ဘုရားငါးဆူဒေသ စိုက်ပျိုးသီးနှံထုတ်လုပ်မှုအခြေအနေကို ကွင်းဆင်းလေ့လာခဲ့ရာ မြေအောက်ရေ ထုတ်ယူသုံးစွဲရန် အခြေအနေပေးသည့် ဒေသဖြစ်၍ စက်ရေတွင်း ၁၀၀ တူးဖော်ရန် လျာထားဆောင်ရွက်ခဲ့သည်။

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကြီးကြပ်ကွပ်ကဲမှု၊ မြေအောက်ရေဌာနခွဲမှ ဘူမိဗေဒပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၏ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုတို့ဖြင့် ပျော်ဘွယ်-ဘုရားငါးဆူ ဒေသတွင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း စက်ရေတွင်း ၅၀ ကို လည်းကောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း စက်ရေတွင်း ၅၀ ကို လည်းကောင်း အောင်မြင်စွာတူးဖော်နိုင်ခဲ့ပြီး ၂၃-၇-၂၀၁၁ ရက်တွင် စီမံကိန်းလျာထားချက်ဖြစ်သော စက်ရေတွင်း ၁၀၀ ပြည့်မြောက်ခဲ့သည်။

ပျော်ဘွယ် - ဘုရားငါးဆူဒေသ စိမ်းလန်းစိုပြည်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွင်းတူးစက်ကြီးငါးစီးဖြင့် စက်ရေတွင်းပေါင်း ၁၀၀ ကို အောင်မြင်စွာ တူးဖော်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ စက်ရေတွင်း ၁၀၀ အနက် ၇၅ တွင်းမှာ သဘာဝရေလျှံတွင်းများဖြစ်ပြီး ရေလျှံတွင်းများ၏ ပျမ်းမျှ တစ်နာရီ ရေလျှံနှုန်းမှာ ဂါလန် ၃၀၀၀ ဖြစ်သည်။ မူလစီမံချက်အရ စက်ရေတွင်းတစ်တွင်းလျှင် အကျိုးပြုဧက ၁၂ ဧက လျာထားခဲ့ပြီး ရေလျှံတွင်းများ၏ ရေထွက်နှုန်းကောင်းမွန်မှု၊ ဒေသခံတောင်သူများ စိတ်အားထက်သန်စွာ အချိန်မီဆောင်ရွက်နိုင်မှု၊ မိုးစပါးဖြည့်စွက်ရေကို ဖူလုံစွာပေးဝေနိုင်မှုတို့ကြောင့် စီမံကိန်း မဆောင်ရွက်မီကာလများထက် စိုက်ဧကများ သိသာစွာ ပိုမိုတိုးတက်လာခဲ့သည်။ ထို့အတူ သီးနှံတစ်ဧကအထွက်နှုန်းနှင့် သီးနှံစိုက်စွမ်းအားမှာလည်း မြင့်တက်လာခဲ့သည်။

ပျော်ဘွယ် - ဘုရားငါးဆူဒေသတွင် စက်ရေတွင်းများ တူးဖော်ပေးနိုင်ခြင်းကြောင့် ပုံမှန်မရှိသော မိုးရွာသွန်းသည့်ကာလ (Drought Period)တွင် သဘာဝရေလျှံတွင်းများမှ မြေအောက်ရေဖြင့် ဖြည့်စွက်ရေဖူလုံစွာရရှိပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေခြင်း၊ မိုးရေကိုသာ အားထားစိုက်ပျိုးနေရသော အခြေအနေမှ လျှော့ချနိုင်ခြင်း၊ ဒေသခံတောင်သူများအနေဖြင့် မူလက တစ်သီးသာစိုက်ပျိုးနိုင်သည့် အခြေအနေမှ မြေအောက်ရေဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးလာနိုင်သည့်အတွက် သီးနှံစိုက်စွမ်းအားတိုးတက်လာပြီး လူမှုစီးပွားရေးဘဝမြင့်မားလာခြင်း၊ စိုက်ပျိုးမြေလျော့နည်းဆုံးရှုံးခြင်းနှင့် ကန္တာရဖြစ်ထွန်းမှုမှ လျှော့ချပေးနိုင်ခြင်း၊ ရေအရည်အသွေး စစ်ဆေးချက်အရ စိုက်ပျိုးရေအတွက်သာမက သောက်သုံးရေအတွက်ပါ သုံးစွဲနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ဒေသခံတောင်သူများ ခံစားနေကြရပြီဖြစ်သည်။ သဘာဝရေလျှံတွင်းဖြစ်ပေါ်ရန်မှာ မြေအောက်ရေမျက်နှာပြင် (Groundwater Table) သည် သဘာဝမြေမျက်နှာပြင် (Natural Ground Level) ထက် မြင့်တက်နေခြင်းကြောင့် ဖြစ်ပြီး ယင်းကဲ့သို့အခြေအနေ ဖြစ်ပေါ်စေရန်မှာ ယေဘုယျအားဖြင့် သဘာဝရေလျှံတွင်း တူးဖော်မည့်နေရာသည် ဒေသကြီးတစ်ခုလုံး၏ မြေနိမ့်ချိုင့်ဝှမ်း (Basin) သဏ္ဌာန်ဖြစ်ပေါ်တည်ရှိနေရန်၊ ရေအောင်းလွှာသည် ဖိအားရှိ ရေအောင်းလွှာ (Confined Aquifer) ဖြစ်ရန်နှင့် မြေအောက်ရေ ပြန်လည်ဖြည့်တင်းပေးလျက်ရှိသောဧရိယာ (Recharge Area) မှာ ၎င်းသဘာဝရေလျှံ ရေအောင်းလွှာ၏အမြင့်ပိုင်းတွင် တည်ရှိနေရန် လိုအပ်သည်။ ပျော်ဘွယ်-ဘုရားငါးဆူဒေသသည် ယင်းအခြေအနေများနှင့် ကိုက်ညီနေသဖြင့် သဘာဝရေလျှံတွင်းများ ရရှိခဲ့ခြင်းဖြစ်သည်။

ပျော်ဘွယ်-ဘုရားငါးဆူဒေသမှ သဘာဝရေလျှံတွင်းများသည် စိုက်ပျိုးရေအတွက်သာမက သောက်သုံးရေအတွက်ပါ သုံးစွဲနိုင်သဖြင့် ဒေသခံကလေးငယ်တစ်ဦး သောက်ရေခံယူနေမှုကို တွေ့ရစဉ်။

မြေအောက်ရေသယံဇာတ ထုတ်ယူသုံးစွဲမှုပမာဏအနေဖြင့် မူလရှိပြီး သဘာဝအရင်းအမြစ်ကို မထိခိုက်စေဘဲ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး (Sustainable Development)အတွက် စီမံကိန်းဧရိယာအတွင်း နှစ်စဉ် မြေအောက်ရေဖြည့်တင်းနိုင်မှုပမာဏ (Groundwater Recharge) နှင့် ထုတ်ယူသုံးစွဲမှုပမာဏ (Groundwater Discharge) တို့ကိုလည်း စနစ်တကျတွက်ချက်၍ ဆောင်ရွက်နေခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင် ပြန်းတီးမှုမရှိသော စီမံကိန်းတစ်ခုလည်း ဖြစ်သည်။ ထို့ပြင် တူးဖော်ပြီး စက်ရေတွင်းများ ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် စီမံကိန်းလုပ်ငန်းများအပေါ်တွင်လည်း လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိသည်။

ပျော်ဘွယ်-ဘုရားငါးဆူဒေသသည် ယခင်က စိုက်ပျိုးရေဖူလုံစွာမရရှိသဖြင့် တစ်သီးသာစိုက်ပျိုးနိုင်ခဲ့ပြီး ပုံမှန်မိုးရွာသွန်းခြင်းမရှိသော ကာလများနှင့် နွေရာသီကာလများတွင် ခြောက်သွေ့ပြီး အဝါရောင်လွင်ပြင်ကြီးအဖြစ်သာ တွေ့မြင်ခဲ့ရသော်လည်း ယခုအခါ စက်ရေတွင်းများ တူးဖော်နိုင်ခဲ့မှုကြောင့် တစ်နှစ်ပတ်လုံး စိမ်းလန်းပြီး အစိမ်းရောင် လွင်ပြင်ကြီးအဖြစ် ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

နေတိုးကာကွယ်ရေးဝန်ကြီးများ ဒုံးကျည်ကာကွယ်ရေးအစီအစဉ်အပေါ် ဆွေးနွေးပွဲ ကျင်းပနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နေတိုးဒုံးကျည်ကာကွယ်ရေးအစီအစဉ် ရုရှားခြိမ်းခြောက်

မော်စကို မေ ၃

အငြင်းပွားလျက်ရှိသည့် ဒုံးကျည်ကာကွယ်ရေးအစီအစဉ်ကို ဝါရှင်တန်က ဆက်လက်အကောင်အထည်ဖော်မည် ဆိုလျှင် အရှေ့ဥရောပ၌ရှိသော အမေရိကန်ဦးဆောင်သည့် နေတိုးအဖွဲ့၏ ဒုံးကျည်ကာကွယ်ရေးလက်နက်ပစ္စည်းများအား လက်ဦးမှုရယူတိုက်ခိုက်မည်ဟု ရုရှားစစ်ဘက်ထိပ်တန်းတာဝန်ရှိသူက ခြိမ်းခြောက်လိုက်ကြောင်း ကြာသပတေးနေ့ အေပီ သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု နေတိုးအဖွဲ့တို့နှင့် သဘောတူညီမှု မရရှိခဲ့သော် ရုရှားနိုင်ငံက စစ်ရေးနည်းလမ်းဖြင့် လက်တုန့်ပြန်ရမည်ဟု သမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ယမန်နှစ်တွင် ပြောကြားခဲ့သည်။ စစ်ဘက်အကြီးအကဲ နီကိုလိုင်မာကာရော့ဗ်က ကြာသပတေးနေ့တွင် ဒုံးကျည်ကာကွယ်ရေး အငြင်းပွားမှုအပေါ် ခြိမ်းခြောက်မှုကို ထပ်လောင်း၍ မြှင့်တင်လိုက်သည်။

အခြေအနေ ပိုမိုဆိုးရွားလာခဲ့လျှင် အင်အားသုံးကာ လက်ဦးမှု ရယူတိုက်ခိုက်ရန် ဆုံးဖြတ်ရမည်ဟု မကာရော့ဗ်က ပြောခဲ့သည်။

ဥရောပမှအမေရိကန်ဦးဆောင်သော နေတိုး ဒုံးကျည်ကာကွယ်ရေးအစီအစဉ်အပေါ် မော်စကိုနှင့် ဝါရှင်တန်တို့အကြား ဆွေးနွေးပွဲမှာ လမ်းဆုံးသို့ ရောက်ရှိသွားရန် နီးနေပြီဟု ရုရှားကာကွယ်ရေးဝန်ကြီး အနာတိုလီဆာဒျူးကော့ဗ်က ကြာသပတေးနေ့တွင် သတိပေးခဲ့သည်။

စိုးရိမ်

အဆိုပါ ဒုံးလက်နက်ကာကွယ်ရေး အစီအစဉ်သည် အီရန်နိုင်ငံ၏ ဒုံးကျည်ခြိမ်းခြောက်မှုတစ်ခုတည်းအတွက်သာဖြစ်သည်ဟု ဝါရှင်တန်၏ထုတ်ပြန်ကြေညာချက်ကို မော်စကိုက ပယ်ချခဲ့သည်။ ယင်းသည် ရုရှား၏ နျူကလီးယား အဟန့်အတားများကို အင်အားနည်းပါးသွားစေရန် လုံလောက်သည့် အင်အားရှိလာမည်ကို မော်စကိုက စိုးရိမ်ပူပန်လျက်ရှိသည်။

ကြာသပတေးနေ့က စတင်ကျင်းပခဲ့သော နိုင်ငံပေါင်း ၅၀ မှ ကိုယ်စားလှယ်များတက်ရောက်သည့် နှစ်ရက်ကြာ ညီလာခံတွင် ရုရှားကာကွယ်ရေးဌာန ထိပ်တန်းတာဝန်ရှိသူတစ်ဦးက နေတိုးတပ်ဖွဲ့နှင့်အတူတကွ ဒုံးကျည်ကာကွယ်ရေးဒိုင်းကို စီမံခန့်ခွဲရန် မော်စကို၏ကမ်းလှမ်းမှုကို ထပ်မံတင်ပြလိုက်သည်။

ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး နီကိုလိုင်ပါတရူ ဇက်ဗ်က ဥရောပဒုံးကျည်ကာကွယ်ရေးစနစ်ကို ပူးတွဲ စီမံခန့်ခွဲခြင်းသည် ဥရောပတိုက်မှ နိုင်ငံအားလုံးကို ခိုင်မာသောလုံခြုံမှုပေးနိုင်မည်ဟုဆိုသည်။

နေတိုးအဖွဲ့က ဒုံးကျည်ကာကွယ်ရေးဒိုင်းကို ရုရှားနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း၊ သို့သော် ပူးတွဲစီမံခန့်ခွဲရန် မော်စကို၏ အဆိုကိုမူ ငြင်းပယ်ကြောင်း ပြောကြားခဲ့သည်။ **အင်တာနက်။**

နွေဦးထိုးစစ် ဆင်နွှဲမည်ဟု တာလီဘန်စစ်သွေးကြွအဖွဲ့ ထုတ်ပြန်ကြေညာ

ကဘူးလ် မေ ၃

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း၌ နှစ်စဉ်ဆင်နွှဲလျက်ရှိသော နွေဦးထိုးစစ်ကို မေ ၃ ရက်တွင် စတင်သွားမည်ဖြစ်ကြောင်း ယင်းနိုင်ငံရှိ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များကို တိုက်ခိုက်မှုများ ပိုမိုလုပ်ဆောင်မည်ဟု သန္နိဋ္ဌာန်ချထားကြောင်း တာလီဘန်တို့က ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်ပမှ ကျူးကျော်လာသူများ၊ ၎င်းတို့၏ အကြံပေးပုဂ္ဂိုလ်များ၊ ကန်ထရိုက်တာများ၊အမေရိကန်ဦးဆောင်သော အဖွဲ့ကို ထောက်လှမ်းရေး၊ စစ်ရေးအရ ထောက်ကူပေးသူမှန်သမျှတို့ကို တာလီဘန်တို့က ဦးတည်တိုက်ခိုက်သွားမည်ဟု စစ်သွေးကြွအဖွဲ့က ပြောကြားသည်။

အယ်-ဖာရု နွေဦးထိုးစစ်ကို အမေရိကန်နိုင်ငံတစ်ဝန်း၌ မေ ၃ ရက်မှစ၍ အကောင်အထည်ဖော်မည်ဟု တာလီဘန်တို့က ထပ်မံပြောကြားသည်။

နွေဦးထိုးစစ် စတင်ဆင်နွှဲမည်ဟု ကြေညာချက်ထုတ်ပြန်ပြီး နာရီပိုင်းမျှအကြာတွင် အနောက်နိုင်ငံသားများနေထိုင်သော မြို့တော်ကဘူးလ်အရှေ့ပိုင်းဒေသကို စစ်သွေးကြွများက စတင်တိုက်ခိုက်ခဲ့ကြသည်။

အဆိုပါတိုက်ခိုက်မှုမှာ လုံခြုံရေးတပ်ဖွဲ့နှင့် စစ်သွေးကြွတို့အကြား တိုက်ပွဲဖြစ်ပြီး ခုနစ်ဦးထက်မနည်း သေဆုံးပြီး နာရီပိုင်းမျှအကြာ ဆက်လက်၍ တာလီဘန်တို့ဘက်မှ နွေဦးထိုးစစ် စတင်ခဲ့သည်။ ထိုတိုက်ခိုက်မှုသည် ၎င်းတို့၏ လက်ချက်ဟု တာလီဘန်တို့ဘက်က အခိုင်အမာပြောကြားခဲ့ပြီး တိုက်ခိုက်မှုများကိုလည်း ပိုမိုလုပ်ဆောင်သွားမည်ဟု သန္နိဋ္ဌာန်ချထားသည်ဟု ပြောကြားခဲ့သည်။

ပြည်ပမှ ကျူးကျော်ဝင်ရောက်လာသူများကိုလည်း အာဖဂန်နိုင်ငံသားများက မနှစ်မြို့သလို ယင်းနိုင်ငံမှလည်း ထွက်ခွာသွားစေချင်သည်ဟု တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဇာဘူလက်ချ်မူဂျာဟစ်ဒ်က ပြောကြားသည်။

အမေရိကန်သမ္မတ အိုဘားမား အာဖဂန်နစ္စတန်သို့ ခေတ္တလာရောက်သည့်ခရီးစဉ်အပြီး နာရီပိုင်းမျှအကြာတွင် တာလီဘန်ဘက်မှ အဆိုပါတိုက်ခိုက်မှုကို ဆောင်ရွက်ခဲ့သည်။ အိုဘားမားသည် အာဖဂန်သို့လာရောက်ပြီး ယင်းနိုင်ငံ၌ ရှိနေသော အမေရိကန်တပ်ကို ၂၀၁၄ခုနှစ်ကုန်လွန်သည်အထိ ဆယ်စုနှစ်ထပ်မံ ထားရှိပေးရန် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

သမ္မတအိုဘားမားသည် သဘောတူလက်မှတ်ရေးထိုးမှုအပြီးတွင် အာဖဂန်နိုင်ငံအရှေ့ပိုင်းရှိ အမေရိကန်တပ်ဖွဲ့တည်ရှိရာ ဘာဂရမ်လေဆိပ်အခြေစိုက်စခန်းသို့ သွားရောက်ကာ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း၊ ၎င်း၏မျှော်မှန်းမထားမိသောခရီးစဉ်မပြီးဆုံးမီ ရုပ်သံမှ မိန့်ခွန်းပြောကြားချက်ကို ထုတ်လွှင့်ခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်၌ ဖော်ပြထားသည်။ **အင်တာနက်။**

တိုက်ပွဲဝင်ရန် အဆင်သင့်ဖြစ်နေသော တာလီဘန်စစ်သွေးကြွများကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရဲတပ်ဖွဲ့နှင့် သေနတ်သမားများ တိုက်ခိုက် ကရာချိမြို့သားများ ထွက်ပြေး

အစ္စလာမ္မာဘတ် မေ ၃

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ရဲတပ်ဖွဲ့ဝင်များနှင့် သေနတ်သမားအကြား လိပ်ခဲတည်းလည်းဖြစ်နေသည့် အခြေအနေသည် လေးရက်မြောက်သည့်နေ့သို့ ရောက်ရှိလာခဲ့ရာ ရာပေါင်းများစွာသော မိသားစုများသည် ၎င်းတို့နေအိမ်များမှ ထွက်ပြေးကြကြောင်း ဧပြီ ၃၀ရက်နေ့ အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ကရာချိမြို့ လူဦးရေထူထပ်သော လာရီရပ်ကွက်မှ ကြောက်ရွံ့နေကြသော ပြည်သူများသည် စားစရာမရှိ၊ သောက်စရာ ရေမရှိ၊ လျှပ်စစ်မီးမရှိ ဖြစ်နေကြရသည်ဟု ဆိုသည်။

အစိုးရတာဝန်ရှိသူများက ၎င်းတို့၏ စစ်ဆင်ရေးသည် ယင်းအရပ်ဒေသများမှ မူးယစ်ဆေးဝါး ရောင်းဝယ်သူများ၊ ဒုစရိုက်သမား ဂိုဏ်းအဖွဲ့များကို ရှင်းလင်းရန် ရည်ရွယ်ပါသည်ဟု ပြောသည်။

ယင်းသို့ လာရီရပ်ကွက်အတွင်း ရဲတပ်ဖွဲ့ဝင်များနှင့် သေနတ်သမားများ၏ လေးရက်ကြာ တိုက်ခိုက်မှုတွင် ၂၁ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။

ဧပြီ ၃၀ ရက် တစ်နေ့တည်းမှာပင် နှစ်ဖက်ပစ်ခတ်သော သေနတ်ကျည်ဆန်များကြောင့် သုံးဦးသေဆုံးခဲ့သည်။

သေဆုံးသူများသည် အရပ်သားများ သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များ ဖြစ်ကြသည်ဟု တာဝန်ရှိသူများက ပြောသည်။

ကရာချိမြို့၏ သက်တမ်းအရင့်ဆုံး ရှေးဟောင်းရပ်ကွက် လာရီရပ်ကွက်သည် ရာဇဝတ်မှု ထူပြောလွန်းသဖြင့် ရှင်းလင်းလိုခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ **အင်တာနက်။**

ပါကစ္စတန်မြောက်ပိုင်းတွင် ဘတ်စ်ကားတစ်စီးတိမ်းမှောက် ၁၅ ဦးသေဆုံး၊ ၂၁ ဦး ဒဏ်ရာရ

အစ္စလာမ္မာဘတ် မေ ၃

ပါကစ္စတန်နိုင်ငံမြောက်ပိုင်းရှိ တောင်ထူထပ်သောဒေသတွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီးတိမ်းမှောက်ခဲ့ရာ လူ၁၅ဦး သေဆုံးပြီး ၂၁ ဦး ဒဏ်ရာရရှိကြောင်း ဒေသတွင်းသတင်းဌာနများက ဖော်ပြသည်။

အဆိုပါ မတော်တဆမှုသည် မေ ၃ရက် နံနက် စောစော ပိုင်းက ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ သေဆုံးသူများအထဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင် ခြောက်ဦးပါဝင်ကြောင်း၊ ကားပေါ်တွင် အခြားခရီးသည်များနှင့်အတူ လုံခြုံရေးတပ်ဖွဲ့ဝင် စုစုပေါင်း ၁၉ဦးလိုက်ပါလာကြောင်း ဒေသတွင်းရှိ ရုပ်မြင်သံကြား ချယ်နယ်ဒန်ယာက ထုတ်လွှင့်သည်။ ဒဏ်ရာရရှိသူများအား ဆေးရုံတင်၍ ကုသပေးလျက်ရှိကြောင်း၊ ၎င်းတို့အနက် ဒဏ်ရာပြင်းထန်သူများရှိ၍ သေဆုံးသူဦးရေ တိုးလာနိုင်ကြောင်း သတင်း၌ပါရှိသည်။

မေ ၃ရက် ဒေသစံတော်ချိန် နံနက် ၇နာရီခန့်က ရာဝါလ်ပင်ဒီမြို့မှ ခရီးသည်တင် ဘတ်စ်ကားတစ်စီးသည် ပါကစ္စတန်နိုင်ငံမြောက်ပိုင်းရှိ မြို့တော်ဂေးလ်ဂစ်သို့ ဦးတည်မောင်းနှင်လာစဉ် တောင်ထူထပ်သော ကိုဇာကာမီလာဒေသတွင် မတော်တဆ တိမ်းမှောက်သွားခြင်း ဖြစ်သည်။ အရှိန်ပြင်းစွာ မောင်းနှင်လာသော အဆိုပါဘတ်စ်ကားသည် တိမ်းမှောက်ပြီးနောက် လျှိုမြောင်အတွင်းသို့ ထိုးကျသွားသည်ဟု ဒေသခံသတင်းဌာနအချို့က ဖော်ပြသည်။ ***ဆင်ဟွာ။***

ပြင်သစ်နိုင်ငံတွင်းသို့ တရားမဝင်ပြောင်းရွှေ့ဝင်ရောက်သူ ၄၅၀၀၀ခန့်အား ဌာနေနိုင်ငံများသို့ ပြန်ပို့ခဲ့ရ

ပါရီ မေ ၃

ပြင်သစ်နိုင်ငံ၌ ယခုနှစ်တွင် ဌာနေနိုင်ငံသို့ပြန်ပို့ရသော တရားမဝင်ပြောင်းရွှေ့လာသူဦးရေသည် ၄၅၀၀၀ရှိပြီး ယခင်နှစ်ကထက် ၂၀ရာခိုင်နှုန်းကျော်လွန်ခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်ရခြင်းသည် တရားမဝင်ပြောင်းရွှေ့လာသူများကို လျှော့ချရန် လက်ရှိသမ္မတ၏ တင်းကျပ်သော မူဝါဒ၏တစ်စိတ်တစ်ပိုင်း ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

တရားမဝင်ပြောင်းရွှေ့လာသူများကို ဌာနေနိုင်ငံသို့ ပြန်ပို့ရသည့် ဦးရေသည် ၃၅၀၀၀ရှိမည်ဟု ရည်မှန်းထားသော်လည်း အဆိုပါနှုန်းထားထက်ပိုမိုခဲ့သည်ဟု သမ္မတရွေးကောက်ပွဲ မတိုင်မီ လေးရက်အလိုတွင် ဂူအန့်က အယ်လ်စီအိုင်သို့ ပြောကြားခဲ့သည်။

ပြင်သစ်၌ တရားမဝင်ပြောင်းရွှေ့နေထိုင်သူ သို့မဟုတ် ကလေးဦးရေသည် ၁၁ဒသမ ၅သန်းရှိပြီး နိုင်ငံလူဦးရေ ၆၅သန်းအနက် ၁၉ရာခိုင်နှုန်းသည် ပြောင်းရွှေ့နေထိုင်သူများဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံသို့ နှစ်စဉ်ပြောင်းရွှေ့လာသူ ဦးရေသည် ၁၈၀၀၀၀ခန့်ရှိကြောင်း စာရင်းများ၌ဖော်ပြထားသည်။ ***ဆင်ဟွာ။***

ယူကရိန်းနိုင်ငံ အနောက်ပိုင်းတွင် လောင်စာဆီတင်ရထားတွဲချော်မီးလောင်

ကိဗ် မေ ၃

ယူကရိန်းနိုင်ငံ အနောက်ပိုင်းတွင် ဒီဇယ်နှင့်ဓာတ်ဆီတင် ရထားတစ်စင်း မေ ၃ရက် နံနက်အစောပိုင်းက လမ်းချော်မှု ဖြစ်ပွားကြောင်း၊ သေကျေပျက်စီးမှုသတင်း မရရှိသေးကြောင်း အရေးပေါ်လုပ်ငန်းဆိုင်ရာဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

လမ်းချော်တိမ်းစောင်း

ယူကရိန်းနိုင်ငံ အနောက်ပိုင်းရှိ ဗော့ဗ်ဒေသ၌ ည ၁၂နာရီ မိနစ်၂၀ခန့်တွင် ရထားတွဲ ၁၀တွဲပါ ကုန်ရထားမှ ရထားတွဲငါးတွဲ လမ်းချော်တိမ်းစောင်းသွားပြီး လောင်စာဆီများ ဖိတ်စဉ်ယိုစီးမှုဖြစ်ခဲ့ရကြောင်း အရေးပေါ်လုပ်ငန်းဆိုင်ရာဌာနက ဆက်လက်ပြောကြားသည်။

ရထားလမ်းချော်ပြီးနောက် မိနစ်အနည်းငယ်အကြာတွင် မီးလောင်မှုဖြစ်ပွားရာ မီးကို နှစ်နာရီခွဲခန့်အကြာ ငြိမ်းသတ်ခဲ့ရကြောင်း၊ သေကျေပျက်စီးမှုနှင့် ပတ်သက်၍ သတင်းမရရှိကြောင်း သိရသည်။ ရထားလမ်းချော်မှုဖြစ်ပွားရသည့်အကြောင်းရင်းကိုလည်း မသိရသေးပေ။ ***ဆင်ဟွာ။***

လောင်စာဆီတင်ရထားတွဲ လမ်းချော်တိမ်းမှောက်၍ မီးလောင်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စာနယ်ဇင်းများက ဖော်ပြနေသည့် သတင်းအချက်အလက်များ၏ အရည်အသွေးမြင့်မားရန်လို လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို အမြဲယှဉ်တွဲကျင့်သုံး

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကိုယ်စား ဒုတိယဝန်ကြီး ဦးစိုးဝင်း "World Press Freedom Day 2012" အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၃

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)တို့ ပူးပေါင်းကျင်းပသည့် "World Press Freedom Day 2012" အခမ်းအနားကို "Challenges to Media in a new Environment" ခေါင်းစဉ်ဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ ကမ်းနားဟိုတယ် ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကိုယ်စား ဒုတိယဝန်ကြီး ဦးစိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပသတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကိုယ်စား ဒုတိယဝန်ကြီး ဦးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးနိုင်ရန် လိုအပ်သည့် ပုံနှိပ်မီဒီယာဆိုင်ရာ ဥပဒေကြမ်းတစ်ခုကို ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း၊ ယခုဆိုလျှင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များ၊ ယူနက်စကိုအဖွဲ့မှ ပညာရှင်များ၏ အကြံပြုချက်များနှင့် ပြီးခဲ့သည့် မတ်လအတွင်း ကျင်းပခဲ့သည့် မီဒီယာကွန်ဖရင့်က ရရှိသည့် အကြံပြုချက်များ အပေါ်မူတည်ပြီး ဒုတိယမူကြမ်းကို ဧပြီ ၂၃ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ထပ်မံတင်ပြထားပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များ ရရှိပါက ထပ်မံပြင်ဆင်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကာ အနီးဆုံး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို တင်ပြအတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ပင် ရုပ်သံလွှင့်မီဒီယာဥပဒေကြမ်းတစ်ခုကိုလည်း ရေးဆွဲနိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်အတွက် ဆောင်ရွက်ရာတွင် လွတ်လပ်စွာ သတင်းရေးသားခွင့်သာမက စာနယ်ဇင်းသမားများအနေဖြင့် သတင်းအချက်အလက်များ ရယူရာတွင် လိုအပ်သည့် အကူအညီများကို ပေးရန်လည်း ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုရေးဆွဲနေသည့် ပုံနှိပ်မီဒီယာ ဥပဒေမူကြမ်းတွင် သတင်းအချက်အလက်များ ရယူခွင့် (Access to Information)ကို အထောက်အကူဖြစ်စေမည့်အချက်များ ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ကြောင်း၊ ထို့အပြင် စာနယ်ဇင်းသမားများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ကျင့်ဝတ်နှင့် အတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးများကို အထောက်အကူပြုနိုင်ရန်အတွက် လွတ်လပ်သည့် စာနယ်ဇင်းကောင်စီတစ်ခု ဖွဲ့စည်းနိုင်ရန် လိုအပ်သည့် အချက်များကိုလည်း ပုံနှိပ်မီဒီယာမူကြမ်းတွင် ထည့်သွင်းရေးဆွဲထားပြီးဖြစ်ကြောင်း၊ တစ်ဖက်ကလည်း စာနယ်ဇင်းသမားများအနေဖြင့် မိမိတို့အကျိုးစီးပွားကို စုစည်းအကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးကို ဒီမိုကရေစီစနစ်နှင့်အညီ လွတ်လပ်သည့် မြန်မာနိုင်ငံသတင်းစာဆရာများအသင်းနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းအဖြစ် ပြန်လည်ဖွဲ့စည်းနိုင်ရန်အတွက် လိုအပ်သည့် အကူအညီများ ပေးအပ်လျက်ရှိကြောင်း။

ထို့အပြင် Online Media များသည်လည်း စာနယ်ဇင်းများ၊ ရုပ်သံမီဒီယာများနည်းတူ သတင်းအချက်အလက်များ ဖြန့်ဝေရာနေရာများ ဖြစ်လာနေသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် Online Media များကိုလည်း သမားရိုးကျမီဒီယာများ (Traditional Media) နည်းတူ သတ်မှတ်ပြီး စာနယ်ဇင်းသမားများ၏ ရပိုင်ခွင့်များ ခံစားနိုင်ရန်အတွက်လည်း စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပုံနှိပ်မီဒီယာဥပဒေတွင် သတင်းအေဂျင်စီထူထောင်ပြီး Online မှ သတင်းအချက်အလက်များ ဖြန့်ဝေလိုပါက စနစ်တကျ မှတ်ပုံတင်ပြီး ဆောင်ရွက်ခွင့်ရရှိစေရန် Online Journalist များသည်လည်း ကျန်စာနယ်ဇင်းသမားများနှင့် တန်းတူရပိုင်ခွင့်များ၊ အကာအကွယ်များ၊ ကျင့်ဝတ်များ ရရှိကျင့်သုံးနိုင်စေရန် စဉ်းစားဆောင်ရွက်ထားကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် မြန်မာနိုင်ငံ၏ မီဒီယာလောကသည် လွတ်လပ်မှုနှင့် တာဝန်သိမှုကို ဟန်ချက်ညီညီကျင့်သုံးနိုင်သည့် စစ်မှန်သော စတုတ္ထမဏ္ဍိုင်အဖြစ် ပေါ်ပေါက်လာတော့မည် ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်ကို အလေးထားပြောကြားနေသကဲ့သို့ တစ်ဖက်ကလည်း စာနယ်ဇင်းများက ဖော်ပြနေသည့် သတင်းအချက်အလက်များ၏ အရည်အသွေးမြင့်မားရေးကိုလည်း မျက်ခြည်မပြတ်ရန် လိုကြောင်း၊ ယနေ့ အချိန်ကာလတွင် သတင်းအချက်အလက် များပြားခြင်းသည်လည်း ပြဿနာတစ်ခု ဖြစ်လာနေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သတင်းအချက်အလက်များ၏ အရည်အသွေးမြင့်မားရေးသည်လည်း ပိုပြီးအရေးကြီးလာကြောင်း၊ အထူးသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် နိုင်ငံတည်ဆောက်ရေး ဖော်ဆောင်နေသည့် အချိန်တွင် စာနယ်ဇင်းများအနေဖြင့် နိုင်ငံ့ရေးရာများနှင့် ပတ်သက်ပြီး ဘက်မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ တင်ပြနိုင်ရန်၊ အရေးကိစ္စအားလုံးကို ဘက်စုံထောင့်စုံက သုံးသပ်တင်ပြရန်၊ သတင်းအချက်အလက်များကို ထိမ်ချန်ခြင်း မပြုရန် အလွန်အရေးကြီးကြောင်း။

ထို့အတူပင် လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို အမြဲတမ်းယှဉ်တွဲကျင့်သုံးသွားရန်လည်း လိုကြောင်း၊ ထို့အပြင် စာနယ်ဇင်းများအနေဖြင့် မတူကွဲပြားသည့်အမြင်များ၊ သဘောထားများကို တင်ပြခွင့်ရှိသကဲ့သို့ အမျိုးသားအကျိုးစီးပွားကို အခြေခံသည့် ညီညွတ်မှုလည်းရှိရန်လိုကြောင်း၊ ယနေ့ မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံး ဖြစ်သည့် စစ်မှန်သည့် ဒီမိုကရေစီစနစ် ပေါ်ပေါက်ရေး၊ ဒီမိုကရေစီကျင့်စဉ်များကို အနှစ်သာရရှိရှိ မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု တည်ဆောက်ရေးတို့သည် မိမိတို့အားလုံး ရပ်တည်ရမည့် ဘုံရပ်တည်ချက်၊ တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွားများပင် ဖြစ်ကြောင်း၊ ထို့ကြောင့် စာနယ်ဇင်းသမားများအနေဖြင့် အမျိုးသားအကျိုးစီးပွားအခြေခံပေါ်တွင် ရပ်တည်ပြီး စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

နှစ်စဉ်နှစ်တိုင်း မေ ၃ ရက်၌ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကျင်းပခြင်းသည် မိမိတို့အားလုံး စာနယ်ဇင်းလွတ်လပ်ခွင့်၏ အရေးပါမှုနှင့် စာနယ်ဇင်းသမားများအား ကာကွယ်စောင့်ရှောက်ရန် လိုအပ်ချက်ကို အမှတ်ရစေရန်ပင် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌လည်း နိုင်ငံတော်သမ္မတ ကိုယ်တိုင်က ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် စာနယ်ဇင်းများက စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်အဖြစ်ပါဝင်ရန် အရေးကြီးကြောင်းကို အကြိမ်များစွာ အသိအမှတ်ပြုပြောကြားခဲ့ပြီး ဖြစ်ကြောင်း။

သို့ရာတွင် စာနယ်ဇင်းများ၏ လွတ်လပ်မှုက အရေးကြီးသကဲ့သို့ တစ်ဖက်တွင်လည်း စာနယ်ဇင်းလွတ်လပ်ခွင့်တစ်ခုတည်းနှင့် မပြည့်စုံသေးဘဲ လွတ်လပ်ခွင့်များနှင့်အတူ ယှဉ်တွဲကျင့်သုံးရမည့် ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများ၊ စာနယ်ဇင်းလွတ်လပ်ခွင့်ကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန် လိုအပ်သည့် ဥပဒေကြောင်းဆိုင်ရာပတ်ဝန်းကျင်များ ရှိလာအောင် ဖြည့်ဆည်းပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ယင်းအခြေအနေများအားလုံး ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲနေသည့် မီဒီယာဥပဒေများသည် ဝင်းဟုတ်ခ်ကြေညာချက်၊ ယူနက်စကိုအဖွဲ့ကြီး၏ မီဒီယာဖွံ့ဖြိုးမှုဆိုင်ရာ အညွှန်းကိန်းများအပါအဝင် နိုင်ငံတကာအခြေခံမှုများကို အခြေခံပြီး မိမိနိုင်ငံ၏ ပကတိအရှိတရားနှင့် ကိုက်ညီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

သို့ရာတွင် ယင်းတာဝန်များကို အစိုးရတစ်ဖွဲ့တည်းက လုပ်ဆောင်၍ မရနိုင်ကြောင်း၊ စာနယ်ဇင်းသမားများကိုယ်တိုင်က ပါဝင်ဆောင်ရွက်ရန် လိုသကဲ့သို့ မိမိတို့နိုင်ငံ၌ လိုအပ်နေသည့် နည်းပညာဆိုင်ရာ၊ အတတ်ပညာဆိုင်ရာ အကူအညီများကိုလည်း နိုင်ငံတကာက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယနေ့ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားတွင် ပြည်တွင်း စာနယ်ဇင်းသမားများနှင့် နိုင်ငံတကာအသိုက်အဝန်းက မြန်မာနိုင်ငံ၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှု၊ ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုပြီး အနာဂတ်ကာလတွင် မြန်မာ့မီဒီယာလောက ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြပါဟု ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr.BAN Ki-moon နှင့် UNESCO Director-General, Ms. Irina Bokova တို့၏ သဝဏ်လွှာကို Myanmar National Commission for UNESCO မှ Secretary-General, ဒေါက်တာလွင်လွင်စိုးက ဖတ်ကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့်က အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုလွှတ်တော်အနေဖြင့် နိုင်ငံသားများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော နိုင်ငံသားများ၏ အခွင့်အရေးများကို အခြေခံဥပဒေနှင့်အညီ ရရှိခံစားနိုင်ရန်အတွက် လုပ်ဆောင်ပေးလျက် ရှိပါကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် "H.E. Mr. BAN Ki-moon နှင့် "UNESCO Director-General, Ms. Irina Bokova တို့၏ သဝဏ်လွှာကို Myanmar National Commission for UNESCO မှ Secretary-General, ဒေါက်တာလွင်လွင်စိုး ဖတ်ကြားစဉ်။ (သတင်းစဉ်)

တည်ဆဲဥပဒေများမှ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် မကိုက်ညီသော အချက်များကိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်ရန်အတွက် လေ့လာဆောင်ရွက်လျက် ရှိသကဲ့သို့ လိုအပ်သော ဥပဒေသစ်များ ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စာနယ်ဇင်းများ လွတ်လပ်ခွင့်နှင့် ပတ်သက်၍လည်း သက်ဆိုင်ရာကော်မတီက စာနယ်ဇင်းသမားများနှင့် တွေ့ဆုံပြီး ၎င်းတို့၏ ဆန္ဒသဘောထားများကို ရယူကာ မီဒီယာဥပဒေများ ရေးဆွဲသည့်အခါတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနကို ပေးပို့ထားပြီး ဖြစ်ပါကြောင်း။

စာနယ်ဇင်း လွတ်လပ်ခွင့်သည် လွတ်လပ်စွာရေးသားပြောဆိုခွင့်သာမက သတင်းအချက်အလက်များကို လွတ်လပ်စွာ ရယူနိုင်ခွင့်လည်း ပါဝင်နေပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဒုတိယအကြိမ်အစည်းအဝေးများမှ စတင်ပြီး သတင်းမီဒီယာများကို ပိုမိုလွတ်လပ်စွာ သတင်းများ ရယူနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လွှတ်တော်အကြီးအကဲများကလည်း မီဒီယာများနှင့် ပိုမိုထိတွေ့ပြီး ပြည်ထောင်စုလွှတ်တော်၏ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားခြင်းများ ပြုလုပ်ပေးလျက် ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ရေးရာကော်မတီများကလည်း စာနယ်ဇင်းမီဒီယာများမှ ရေးသားဖော်ပြချက်များကို ပြည်သူ့အသံအဖြစ် သဘောထားပြီး အလေးအနက်ထားမှတ်သားလျက် ရှိပါကြောင်း၊ ချက်ချင်းအကောင်အထည်ဖော်သင့်သည်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ထို့ပြင် လွှတ်တော်တွင်း ဆွေးနွေးဆုံးဖြတ်ချက်များ အပါအဝင် မှတ်တမ်းမှတ်ရာများကိုလည်း ဝက်ဘ်ဆိုက်များ၊ ရုပ်သံလိုင်းများမှတစ်ဆင့် လေ့လာနိုင်အောင်အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

စာနယ်ဇင်း လွတ်လပ်ခွင့်ရှိခြင်းဖြင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုအလေ့အကျင့်များ ပိုမိုထွန်းကားလာမည် ဖြစ်ပါကြောင်း၊ ထို့အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်း (International Covenant on Civil and Political Rights, ICCPR) တို့တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးရာ၌ အခြားသူများ၏ အခွင့်အရေးများကို မထိခိုက်စေရန်၊ ဘာသာရေး၊ လူမျိုးရေး မုန်းတီးမှုများ မဖြစ်စေရန်၊ နိုင်ငံတော်လုံခြုံရေးကို မထိခိုက်စေရန်အတွက် ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုတွင် ထားရှိအပ်သော ကန့်သတ်ချက်များကို ထားရှိရန်၊ လိုက်နာရန်လိုကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၌လည်း ယင်းအချက်ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၌ စစ်မှန်သော စတုတ္ထမဏ္ဍိုင် ပေါ်ပေါက်ရေးသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့အသံကို နားထောင်ပြီး ပြည်သူများ၏ဆန္ဒကို ဖော်ဆောင်ပေးရန်အတွက် စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် စာနယ်ဇင်းလွတ်လပ်ခွင့်ကို မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ရန်အတွက် လိုအပ်သော ဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဖြစ်မြောက်ရေးကော်မတီကိုယ်စား နာယက ဦးစိုးသိမ်း (မောင်ဝံသ) နှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဖြစ်မြောက်ရေးကော်မတီကိုယ်စား နာယက ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ဖလမ်းမြို့နယ် လိုင်ဇိုးကျေးရွာ ဟရန်ထီယိုစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ဖလမ်း၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

နေပြည်တော် မေ ၃

နိုင်ငံတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောက်လုပ်ခဲ့သည့် ဖလမ်းမြို့နယ် လိုင်ဇိုးကျေးရွာ ဟရန်ထီယိုစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စာကြည့်တိုက်မှာ အလျား ၃၅ ပေ၊ အနံ ၁၈ ပေနှင့် အမြင့် ကိုးပေရှိ ပျဉ်ခင်း၊ သွပ်မိုးဖြစ်ပြီး ငွေကျပ် သိန်း ၅၀ အကုန်အကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဉာဏ်ကိုရှေ့ထား နောက်ပါး၌စိတ်ကပ်လိုက်

ရတနာစည်ဆရာတော် (လှိုင်လင်)

ဉာဏ်ကိုရှေ့ထား

ဉာဏ်ဟူသည် အသိအလိမ္မာ ပညာနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်းပင်ဖြစ်၏။ ဖြစ်စဉ်ဖြစ်ရပ်တိုင်းအပေါ် အကောင်းအဆိုး၊ အကြောင်းအကျိုး စိတ်ဖြာခွဲခြမ်းနိုင်ခြင်းနှင့် အစဉ်ထာဝရ သမ္မာဇဉ်ရှိခြင်းတို့ဖြင့် ဉာဏ်သည် လင်းလက်တောက်ပ၏။ သိမြင်ခြင်းမှ ပို၍သိမြင်ခြင်းသို့ လှမ်းတက်၏။

နောက်ပါး၌စိတ်ကပ်လိုက်

အသိဉာဏ်ပညာကို ရှေ့ထားပြီးကာ နောက်ပါးမှာ ကပ်လိုက်ရမည့်အရာက တော့ စိတ်ပင်ဖြစ်၏။ စိတ်ကို အသိဉာဏ်က ဦးဆောင်နေပြီး အသိဉာဏ်နောက်သို့ စိတ်ကပ်လိုက်နေအောင် လေ့ကျင့်ထုံပွားနေကြရမည်။

စိတ်ကိုစိတ်ဖြာခြင်း

စိတ်သည် တော်တော်ဆန်းကြယ်၏။ 'စိတ်' ဟူသော အမည်ကိုက 'စိတြ= ဆန်းကြယ်ခြင်း' ဟု အဓိပ္ပာယ်ထွက်နေ၏။ ဆန်းကြယ်ခြင်းဟူရာ၌ ခန္ဓာကိုယ်ကြီးက မိုးမပျံနိုင်သော်လည်း စိတ်က မိုးပျံနိုင်၏။ မြေလျှိုးနိုင်၏။ ဤစာဖတ်နေရင်းပင် စိတ်က ဖျတ်ခနဲ အမေရိကကို ရောက်သွားနိုင်၏။ ဥရောပကို ရောက်သွားနိုင်၏။ ဖြူနေရင်းက ချက်ချင်းမည်းသွားနိုင်၏။ ဖြောင့်နေရင်းက ချက်ချင်းကောက်သွားနိုင်၏။

စိတ်၏ အခြားအဓိပ္ပာယ်တစ်ခုမှာ 'စိန္တ= သိခြင်း' ဖြစ်၏။ မျက်စိဖြင့် မြင်သမျှ စိတ်က အကုန်သိ၏။ အဖြူအမည်း အလင်းအမှောင် အတိုအရှည် အလုံးအပြား သက်ရှိသက်မဲ့ စသည် အကုန်သိ၏။ ယင်းနည်းတူ ကြားနာသမျှ၊ နမ်းရှူသမျှ၊ စားသောက်သမျှ၊ ထိတွေ့သမျှ အားလုံးအပေါ် အကုန်အကုန်သိ၏။ စိတ်ဟူသော သိမှု ချုပ်ပြတ်သွားသည်နှင့်တစ်ပြိုင်နက် ခန္ဓာကိုယ်ကြီး၌ မျက်လုံးတွေ၊ နားတွေ ရှိနေသော်လည်း ဘာဆိုဘာမျှ မသိနိုင်တော့။

ယင်းစိတ်ကို အနှစ်ချုပ်ကြည့်လျှင် (၃)မျိုး တွေ့ရှိရပါ၏။

၁။ အတ္တဗဟိုပြုစိတ်
၂။ အတ္တပရ မျှတစိတ်
၃။ ပရဗဟိုပြုစိတ်

အတ္တဗဟိုပြုစိတ်

အတ္တဗဟိုပြုစိတ်ဆိုသည်မှာ အရာရာ ငတေမာပြီးရောသာ ဖြစ်၏။ ဘယ်သူ သေသေ၊ ဘယ်သူနာနာ ကိုယ်မာဖို့သာ အဓိကဖြစ်၏။ ဘယ်သူ့အပေါ်မှာမှ နားလည် ပေးမှုမရှိ။ ဖြည့်ဆည်းပေးမှုမရှိ။ အတ္တမှတစ်ပါး အခြားတစ်စုံတစ်ရာ ဘာဆိုဘာမျှမရှိ။ အတ္တပြီး အတ္တသာဖြစ်၏။ ထို့ကြောင့် ယင်းအတ္တဗဟိုပြုစိတ်ရှင်ကို မြတ်ဗုဒ္ဓက 'အန္ဓပုထုဇဉ်=အမိုက်အကန်းပုထုဇဉ်' ဟု သတ်မှတ်တော်မူ၏။

အတ္တပရ မျှတစိတ်

ယင်းအတ္တပရညီမျှစိတ်သော်မူ အတ္တကိုသိသလို ပရကိုလည်းသိ၏။ အတ္တ အကျိုးအတွက် လုပ်ဆောင်သလို ပရအကျိုးအတွက်လည်း လုပ်ဆောင်၏။ အတ္တကို ချည်းဗဟိုမပြုသလို ပရကိုချည်းလည်း ဗဟိုမပြု၊ အတ္တနှင့် ပရကို ညီမျှအောင် အမြဲချိန်ဆတတ်၏။ ထို့ကြောင့် ယင်းအတ္တပရမျှတစိတ်ရှင်ကို မြတ်ဗုဒ္ဓက 'ကလျာဏ ပုထုဇဉ်=အကောင်းအမွန်ပုထုဇဉ်' ဟု သတ်မှတ်တော်မူ၏။

ပရဗဟိုပြုစိတ်

ဤပရဗဟိုပြုစိတ်သည်ကား မရှာလည်းရှား ရှာလည်းရှားသော အရှားဆုံးစိတ် ဖြစ်၏။ ယင်းစိတ်၌ အတ္တသည် လုံးဝချုပ်ငြိမ်းသွားလေပြီ။ အတ္တဟူ၍ မြူတစ်ငွေ့မျှ မကျန်တော့သည့်အတွက် အတ္တအကျိုးငှာ တစ်စုံတစ်ရာ ဆောင်ရွက်ဖွယ်မရှိပြီ။ အရာရာ ပရသာဖြစ်တော့၏။ အချိန်တိုင်းမှာ ပရသာဖြစ်တော့၏။ ယင်းစိတ်ရှင်ကား ရဟန္တာနှင့် အရိယာပုဂ္ဂိုလ်များသာဖြစ်ပါသည်။

မထားအပ်သောစိတ်

ဖော်ပြပါ စိတ် (၃)မျိုးအနက် ဉာဏ်ကို ရှေ့မထားနိုင်သော စိတ်မှာ အတ္တဗဟိုပြု စိတ်သာ ဖြစ်တော့၏။ ယင်းစိတ်၏ ရှေ့မှာ၊ နောက်မှာ အတ္တတွေသာ ထူထဲစွာ ရှိနေ၏။ အတ္တကိုရှေ့ထား နောက်ပါးမှာ အတ္တကပ်လိုက်နေသောကြောင့် ဖြစ်၏။ အတ္တကိုဗဟိုပြုလျက် အတ္တတွေသာ ရှေ့နောက်ရံနေသော ယင်းစိတ်မျိုးကား မလိုလား အပ်သော စိတ်ဖြစ်၏။ မမွေးအပ်သော စိတ်ဖြစ်၏။ မထားအပ်သော စိတ်ဖြစ်၏။ မရှိအပ်သော စိတ်ဖြစ်၏။ အကြောင်းမှာ ယင်းစိတ်သည် ပတ်ဝန်းကျင်ကို နွမ်းပါးစေ၊ နိမ့်ကျစေ၊ ရှုပ်ထွေးစေ၊ ပူလောင်စေရုံသာမက လောကကို ကျွမ်းသွားအောင် လောင်မြိုက်စေသည့် အဖျက်စိတ်ဖြစ်သောကြောင့် ဖြစ်ပါ၏။

ထားအပ်သောစိတ်

ဉာဏ်ကို ရှေ့ထားသော စိတ်မှာ အတ္တပရ မျှတစိတ်ဖြစ်၏။ ယင်းစိတ်သည်သာ လောကကို အလှဆင်နိုင်၏။ လောကအပြုံးကို မဆိတ်သုဉ်းအောင် ဆက်ပေးနိုင်၏။ လောကအေးချမ်းခြင်းကို မပျက်ယွင်းအောင်စောင့်ပေးနိုင်၏။လောကသာယာမှုကို ပေါင်းစုဆုံစည်းပေးနိုင်၏။ ဉာဏ်ကိုရှေ့ထား နောက်ပါး၌ ကပ်လိုက်လျက်ရှိသော ယင်းစိတ်သည် လိုလားအပ်သော စိတ်၊ မြတ်နိုးအပ်သော စိတ်၊ မွေးမြူအပ်သောစိတ်၊ တိုးပွားအပ်သော စိတ်၊ ဖြန့်ချိအပ်သော စိတ်ဖြစ်၏။ အကြောင်းမှာ ယင်းစိတ်သည် လောကအား ကောင်းကျိုးကိုသာ သက်ရောက်စေသည့် အပြုစိတ်ဖြစ်သောကြောင့်ဖြစ်၏။

မြန်မာ့မင်္ဂလာစိတ်

ဤတွင် ဖော်ပြပါ စိတ်(၂)မျိုးဖြင့် မြန်မာ့အစဉ်အလာစိတ်ကို စိတ်ဖြာကြည့် ပါမည်။ မြန်မာ့အစဉ်အလာစိတ်သည် မင်္ဂလာစိတ်ပင်ဖြစ်၏။ မင်္ဂလာအလေ့အထုံ တို့ဖြင့် မွမ်းထုံထားသော စိတ်ဖြစ်၏။ မိဘဆရာတို့အပေါ် ရိုသေလေးစားကာ စကား နားထောင်တတ်၍ မိမိကိုယ်ကို နှိမ့်ချရိုကျိုးသောစိတ်ဖြစ်၏။ ဘဝနှင့် ဝန်းကျင်ကို အညမညပြုတတ်သောစိတ်ဖြစ်၏။ ပတ်ဝန်းကျင်ကို အမြဲထည့်တွက်တတ်သောစိတ် ဖြစ်၏။ ဝန်းကျင်အပေါ် အလေးထားသလို ဝန်းကျင်အလယ် တင့်တယ်တောက်ပ သော မိမိဖြစ်အောင် လုံ့လထားတတ်သောစိတ်ဖြစ်၏။ လူကို လူဟုမြင်ပြီး လူတိုင်း အပေါ် အပြုံးပွင့်ပေးနိုင်သော စိတ်ဖြစ်၏။ လူ့စည်းကမ်း၊ လူ့ကျင့်ဝတ်ကို ကောင်းစွာ နားလည်ကျင့်သုံးသော စိတ်ဖြစ်၏။ စာနာသက်ညှာမှု၊ ခွင့်လွှတ်သည်းခံမှုတို့ဖြင့် ကရုဏာပြည့်သောစိတ်ဖြစ်၏။ အကယ်၍ အခက်အခဲများကြုံလာလျှင်မူ တုန်လှုပ် ချောက်ချားခြင်းထက် ရင်ဆိုင်ကျော်လွှားခြင်းကို ဦးတည်သောစိတ်ဖြစ်၏။ ယင်းစိတ် ကို မြန်မာ့သမိုင်းက ထင်ဟပ်ဖော်ကျူးလျက်ရှိ၏။ တကယ်တော့မြန်မာ့အစဉ်အလာ စိတ်ဟူသည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသား အားလုံးတို့၏ အစဉ်အလာစိတ်ရင်းဖြစ်ပါသည်။

စိတ်၏ပြည့်ခြင်းနှင့် လျော့ခြင်း

မြန်မာနိုင်ငံသား တိုင်းရင်းသားမျိုးနွယ်အားလုံးတို့၌ မြန်မာ့အစဉ်အလာ စိတ်ရင်းသည် သမိုင်းဦးကာလကတည်းက တည်ရှိပြီးသားဖြစ်ခဲ့ပြီ။ ယင်းစိတ်သည် သမိုင်း၏ အလှည့်အပြောင်း(သို့မဟုတ်) ကာလ၏ အရွေ့အလျားတို့နှင့်အတူ တစ်ခါ တစ်ခါ ပိုမိုပြည့်ဝတက်ကြွလာပြီး တစ်ခါတစ်ခါ နိမ့်ကျနွမ်းပါးလျော့သွားသည်များ ရှိကြောင်းကိုတော့ ဝန်ခံရမည်သာဖြစ်၏။ သို့သော် ယင်းအစဉ်အလာစိတ်ရင်းသည် ဘယ်သောအခါတုန်းကမျှ လုံးဝချုပ်ငြိမ်းသွားခဲ့ဖူးသည်ဟူ၍တော့ မရှိ။

စိတ်ကိုဖြည့်ကြစို့

ယနေ့ကာလ မြန်မာနိုင်ငံတော်အတွက် ပြည်သူအားလုံးက မိမိကိုယ်မိမိ ဖြည့်ပေးနေကြရမည့်စိတ်မှာ ယင်းမြန်မာ့အစဉ်အလာစိတ်(သို့မဟုတ်) အတ္တပရ ညီမျှစိတ်(သို့မဟုတ်) ဉာဏ်ကိုရှေ့ထား နောက်ပါး၌ စိတ်ကပ်လိုက်တတ်သည့် အလေ့ အထဖြစ်၏။

အရေးအရာတိုင်း အတ္တကို ရှေ့တန်းမတင်ဘဲ အတ္တပရမျှတစွာ မြော်မြင် ကျင့်သုံးရင်း စည်းကမ်းပြည့် ဒီမိုကရေစီနိုင်ငံတော်သစ်ခရီး အပြီးတိုင်ချီတက်နိုင် စေကြောင်း ဉာဏ်ကောင်း၊ စိတ်ကောင်းတို့ဖြင့် ထုံလှောင်းနေကြရမည်ဖြစ်ပါ သတည်း။ ။

လမြတ်ကဆုန်

*
အလှဝေဖြာ၊ တင့်မောစွာတည့်
အခါတော်မီ၊ ရာသီပြိုင်သ
ထွန်းပရောင်ဝါ၊ ဝိသာခါနှင့်
စန္ဒာငွေလ၊ စန်းယှဉ်ကြသော်
တင့်ဆန်းလှပေ၊ ပန်း "မိုးစွေ"တို့
ခက်ဝေလန်းဖြာ၊ ဖူးပွင့်ရာပြီ
နွေမှာပန်းနှင့်သာစေသတည်း။

*
ဓမ္မဖွေရှာ၊ ငြိမ်းအေးရာတည့်
ပွင့်လွှာဝတ်မှုန်၊ သင်းထုံပေစွ
ကဆုန်လဝယ်၊ ဗုဒ္ဓလောင်းလျာ
ဖွားမြင်ပါ၏၊ သစ္စာသိမြင်
ဘုရားရှင်ဟု၊ လူ့ခွင်လောက
ပွင့်ထွန်းရ၏၊ ဒုက္ခခပ်သိမ်း
ချုပ်ငြိမ်းရာမှန်၊ မြတ်နိဗ္ဗာန်သို့
ဝင်စံခဲ့ပေ၊ ထူးမြတ်ပေ၏
စိန္တေထွတ်ဦး၊ ဂုဏ်ကျေးဇူးကို
ညွတ်နူးလျက်သာ၊ ပူဇော်ပါသည်
ခေမာလမ်းပွင့်ပါစေသတည်း။

*
မြန်မာ့မြေမှာ၊ သာလွန်းစွာတည့်
ပြည်ရွာနှံ့ပြား၊ ဘုရားစေတီ
မွေသရီဝယ်၊ တင့်တယ်လှစွာ
မြတ်ဗုဒ္ဓ၏၊ သစ္စာပွင့်ထွန်း
ညောင်ပင်ဝန်းတွင်၊ ရေသွန်းသဘင်
နွဲဆင်ယင်၍၊ ကြည်လင်ရွှင်ပျ
မြတ်ဒါနနှင့်၊ သီလဘာဝနာ
စီးဖြန်းကာလျှင်၊ သူငါကောင်းမှု
ကြိုးစားပြုကြ၊ မြတ်ပုညကြောင့်
ဗုဒ္ဓသာသနာ၊ ပွင့်လင်းဖြာ၍
ပြေ(ပြည်)ရွာ လျှမ်းတင့်ပါစေသတည်း။ ။

ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)

ဒုတိယဝန်ကြီး ဦးကျော်လွင် လမ်းလုပ်ငန်းများ စစ်ဆေး

နေပြည်တော် မေ ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် မေ ၃၀ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး စကြော့-ငနုဖြူ-ဇလွန်လမ်း၌ လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ကျောက်စီ၍ ခင်းကြိတ်နေမှုများ၊ မြေသိပ်သည်းမှု ရရှိစေရန် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဇလွန်မြို့နယ် အင်ဂျင်နီယာရုံး၌ တာဝန်ခံ အင်ဂျင်နီယာများအား တွေ့ဆုံ၍ ဟင်္သာတ-ဇလွန်လမ်းပိုင်း တိုးတက်ကောင်းမွန်ရေး မှာကြားကာ မအူပင်ခရိုင်၊ ဟင်္သာတခရိုင်နှင့် လမ်း/လေယာဉ်ကွင်း အထူးအဖွဲ့များသို့လည်း အပိုင်းလိုက်လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် စကြော့-ငနုဖြူ-ဇလွန် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြု သွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်

ရန်ကုန် မေ ၃

မေ ၅ ရက်တွင် ကျရောက်မည့် (၆၆) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းက မြောက်ဥက္ကလာပ အထွေထွေကုသရေးနှင့် သင်ကြားရေးဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးကြပြီး **(ဝဲပုံ)** မင်္ဂလာဒုံအမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး မြောက်ဥက္ကလာပ အထွေထွေကုသရေးနှင့် သင်ကြားရေးဆေးရုံကြီးတို့တွင် တပ်ဖွဲ့ဝင် ၂၅၀ တို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဉာဏ်ရည်မမီ အားကစားအဖွဲ့ အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဉာဏ်ရည်မမီ အားကစားအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အမှုဆောင်အဖွဲ့ဝင် ဦးသိန်းဝင်းတို့သည် စင်ကာပူသမ္မတနိုင်ငံတွင် ဧပြီ ၂၇ ရက်မှ ၂၉ ရက်ထိ ကျင်းပသည့် (Special Olympics 2012 Asia Pacific Leadership Conference) အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။**(အပေါ်ယာပုံ)**

အစည်းအဝေးတွင် Asia Pacific နိုင်ငံ ၂၅ နိုင်ငံမှ ဉာဏ်ရည်မမီ အားကစားအဖွဲ့ခေါင်းဆောင်များနှင့် ဒါရိုက်တာအမှုဆောင်များ တက်ရောက်ကြပြီး ဉာဏ်ရည်မမီ အားကစားကိစ္စရပ်များ ဆွေးနွေးကြကြောင်း၊ မြန်မာနိုင်ငံတွင် (Mekong Region 5- a side Football Tournament) ဉာဏ်ရည်မမီ မဲခေါင်ဒေသငါးနိုင်ငံ အမျိုးသားဘောလုံးပြိုင်ပွဲကို နိုဝင်ဘာလအတွင်း အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန်ရှိကြောင်း သတင်းရရှိသည်။ (ကိုမျိုး)

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား တရုတ်ဧည့်သည်တော်များ တွေ့ဆုံ

နေပြည်တော် မေ ၃

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhejiang Sifang Group Corporation ဥက္ကဋ္ဌ Mr. Lin Guangpin ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် သမဝါယမဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ဧက ၅၀၀ နှင့်အထက် လယ်ယာကုန်ထုတ်အစုအဖွဲ့များအား သမဝါယမအသင်းများအဖြစ် စနစ်တကျပြောင်းလဲဖွဲ့စည်း၍ ခေတ်မီလယ်ယာသုံး စက်ကိရိယာများ၊ အရင်းအနှီးများဖြင့် အသင်းသားတောင်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်မည့်အခြေအနေများ၊ အရည်အသွေးမီ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ တင်သွင်းဖြန့်ဖြူးရေးကိစ္စများနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခ ရီး သွား သ တင်း မှတ် စု

မိတ္ထီလာ-မန္တလေး မြားတစ်ပြေးခရီးဆိုသော်လည်း ...

မိတ္ထီလာ-မန္တလေး မှန်လုံကားပေါ် ကျွန်တော်တက်မိချိန်က ခရီးသည် ကိုးဦးဆယ်ဦးခန့်သာ ရှိသေးသည်။ ယာဉ်နောက်လိုက်က မကြာမီထွက်တော့မည် ဖြစ်ကြောင်းအော်လျက် ခရီးသည်သစ်များကို တကြော်ကြော်ခေါ်နေသည်။ နာရီကြည့်မိတော့ နံနက် ၅ နာရီ။ ကျွန်တော်တက်မိသည့် မိတ္ထီလာ-မန္တလေး မှန်လုံကားနောက်မှာလည်း အလှည့်ကျထွက်ရန် အစီအရီ တန်းစီထားသည်။ အလှည့်ကျထွက်ရန် အစီအရီ တန်းစီထားသည်ဆိုသော်လည်း ယာဉ်လိုင်းချင်းတော့မတူကြ။ တချို့ယာဉ်က ဗန္ဓုလ၊ တချို့ယာဉ်က ရွှေနဂါး၊ တချို့ယာဉ်က နဝရတ်ဖြစ်ပြီး သက်ဆိုင်ရာ ယာဉ်လိုင်းဂိတ်ရှိရာ စုပေါင်းအဝေးပြေးကားဝင်းကြီးထဲတွင် အသင်းပိုင်ယာဉ်ဂိတ်များတွင် ရပ်နားခရီးသည်တင်ခြင်းမဟုတ်ဘဲ ရန်ကုန် - မန္တလေးကားလမ်းမပေါ်တွင် တန်းစီစောင့်ဆိုင်းရင်း ခရီးသည်များကို သူ့ထက်ငါခေါ်ယူလျက် နားလည်မှုဖြင့် အလှည့်ကျ ယာဉ်ထွက်ခြင်းဖြစ်သည်။

"ကားပေါ်ရောက်တာ ကြာပြီလား။ ကျွန်တော်နှင့် ကပ်လျက်ခုံတွင်ထိုင်သည့် ခရီးသည်ကို မေးကြည့်တော့ ကားပေါ်ရောက်တာ ၄ နာရီခွဲကတည်းကပဲ။ မတက်ခင်ကတည်းက အခုပဲထွက်တော့မယ်။ ထွက်တော့မယ်သာ ယာဉ်နောက်လိုက်က အော်နေတာ ခုထိမထွက်သေးဘူး။ အစောက ကိုယ်မတက်ခင်လေးမှာ ရှေ့ကားတစ်ကားတော့ထွက်သွားတယ်။ အဲဒီကားနဲ့ ခွာပြီးလိုက်ဖို့ အချိန်စောင့်တာထင်တာပဲ။ အတူတူထွက်ရင် လမ်းမှာ ခရီးသည်လုရမှာလို့ ပြောတာပဲ"ဟုဆိုသည်။ ယာဉ်ပေါ်တွင် ခရီးသည်များလာစပြုတော့ ကားစထွက်သည်။ ကားထွက်မှ သက်ပြင်းချနိုင်သည်။ မန္တလေးကို အချိန်စောစောရောက်လေ ကိုယ့်အလုပ်ကိစ္စအတွက် အချိန်ပိုရလေ။ အလုပ်ကိစ္စအဆင်ပြေလို့ အချိန်ပိုနေသေးရင် ဘုရားကြီး ဝင်ဖူးမြော်လို့ရသေးသည်။ ထို့ကြောင့် အများနည်းတူ ကားမြန်မြန်ထွက်ရေးသာ စိတ်စောနေသောကြောင့် ကားထွက်မှ သက်ပြင်းချနိုင်ခြင်းဖြစ်သည်။

မြို့အထွက် သပြေဝတိုးဂိတ်(တန်ပိုစစ်ဆေးရေးနှင့် လမ်းတံတားအသုံးပြုခကောက်ခံရေးစခန်း)ရောက်တော့ ရှေ့မှာ လှမ်းမြင်ရသေးတယ်ဟု ယာဉ်နောက်လိုက်ပြောသံကြောင့် ခါးဆန့်၍ ရှေ့ကို လှမ်းကြည့်မိသည်။ မိတ္ထီလာ-မန္တလေး မှန်လုံကားတစ်စီး၏ နောက်ပိုင်းကို လှမ်းမြင်လိုက်ရသည်။ တိုးဂိတ်တွင် လမ်းတံတားအသုံးပြုခ ပေးဆောင်ပြီးနောက် ရှေ့ကားကိုမီရန် ယာဉ်မောင်းက ကြိုးစားမောင်းလေသည်။ 'ဒီလောက်တောင် ဖြစ်ရသလား၊ အသုံးမကျတဲ့ကောင်. . . ရှေ့ကထွက်ပြီး ကွာအောင်မမောင်းဘူး။ တွေ့သေးတာပေါ့. . ဟု' နှုတ်ကပြောလျက် လီဗာကိုနင်းလေသည်။ ခရီးသည်များကိုကား မေ့ထားဟန်တူသည်။ ကားဆရာသည် လူလတ်ပိုင်းအရွယ် လူ့ဗလံခန္ဓာကိုယ်လေးသာဖြစ်သော်လည်း စိတ်ကခက်ထန်ဟန်ပေါ်လေသည်။ ရှေ့ကားကိုမကျော်နိုင်လေ မကြားဝံ့မနာသာ နှုတ်ထွက်စကားကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည်များမှာ စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရသည်။ တစ်ကြိမ်တွင် ရှေ့ကားသည် ၎င်းရှေ့မှကားကို ကျော်တက်ရန်အပြင် မျက်နှာချင်းဆိုင်မှ ယာဉ်ကြီးတစ်စီးပေါ်လာ၍ အရှိန်လျှော့ကာလမ်းဘေးသို့ ကမန်းကတန်း ပြန်ချသည်တွင် ကျွန်တော်စီးသည့်ကားမှ ယာဉ်မောင်းဖြစ်သူက ကောင်းချီးပေးလေသည်။ 'ကောင်းတယ်. . ဒီကောင့်ကို ဒီလိုပညာပေးမှ' ဟု နှုတ်ကရွတ်သည်။ ကျွန်တော်အံ့သြမှင်တက် စိတ်တွင်အမျက်ထွက်မိသည်။ စဉ်းစဉ်းစားစားဖြင့် စာနာညှာတာသည့် စိတ်ထားဖြင့် တွေးကြည့်စေချင်ပါသည်။ ရှေ့ကယာဉ်ပေါ်တွင်လည်း ကျွန်တော်တို့နည်းတူ ခရီးသည်များ လိုက်ပါစီးနင်းနေသည်။ ရှေ့ကယာဉ်မောင်းကို မကျေနပ်ကာ ယာဉ်တစ်ခုခု မတော်တဆဖြစ်မည့်အရေးကို ကောင်းချီးပေးသည့် ၎င်းတွင် မိမိယာဉ်ပေါ်မှ ခရီးသည်များ၏ အသက်အိုးအိမ်စည်းစိမ်ကို မှုမက မိမိပြိုင်ဘက်၏ ယာဉ်ပေါ်မှ ခရီးသည်များ၏ အသက်အိုးအိမ်စည်းစိမ်အား တန်ဖိုးမထားဥပက္ခာပြုထားရာရောက်လေသည်။

မိတ္ထီလာမြို့နှင့် မန္တလေးမြို့သည် ၉၈ မိုင်မျှ ကွာဝေးသောခရီးဖြစ်ပြီး ခရီးသည်ယာဉ် ပုံမှန်မောင်းနှုန်းဖြင့် မောင်းမည်ဆိုပါက သုံးနာရီမျှ အချိန်သာကြာမြင့်သောကြောင့် ဝေးလွန်းသည့် ခရီးအကွာအဝေးမဟုတ်ပါ။ မိတ္ထီလာ-မန္တလေး မြားတစ်ပြေးခရီးဆိုသော်လည်း ခရီးသည်တင်ယာဉ်မောင်းနှင်သူများ၏ အပြိုင်အဆိုင် ခရီးသည်ခေါ်တင်ဆောင်မောင်းနှင်မှုများအကြား၊ ခရီးသည်များအပေါ် စာနာညှာတာမှုမရှိစွာ ပြောဆို ဆက်ဆံပြုမူမှုများအကြား ခရီးသွားလာရသည်မှာ ချောမွေ့ပြေပြစ်သည့် ခရီးတော့ မဟုတ်ချေ။

သက်ဆိုင်ရာ ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီအနေဖြင့် မိမိတို့၏ လုပ်ပိုင်ခွင့် အခွင့်အာဏာအား အများပြည်သူများ လွယ်ကူချောမွေ့အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် အသုံးချ အကျိုးပြုလျှင် ကောင်းလေစွဟု ကိုယ်တိုင်ကြုံတွေ့ခံစားမိသမျှကို တင်ပြလိုက်ပါသည်။

ချမ်းသာ(မိတ္ထီလာ)

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်ကျန်းမာရေးအဆင့်မြှင့်တင်ရေး ဆွေးနွေးမှာကြား

နေပြည်တော် မေ ၃

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် ဧပြီ ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၊ ဆားမလောက် ကျေးလက်ကျန်းမာရေးဌာန၊ ဆားမလောက် တောင်သူလယ်သမားဆေးရုံ၊ မအူပင်မြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးနှင့် မအူပင်မြို့နယ် မလက်တို ကျေးလက်ကျန်းမာရေးဌာနများသို့ သွားရောက်ကြည့်ရှုပြီး ကျေးလက်ကျန်းမာရေးအဆင့်မြှင့်တင်နိုင်ရန်အတွက် လုပ်ဆောင်နိုင်မည့် လုပ်ငန်းစဉ်များနှင့် အရည်အသွေး ပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဖြစ်ပေါ်တိုးတက်လာရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၂၉ ရက်တွင် ရန်ကုန်မြို့ အမျိုးသားဓာတ်ခွဲဌာနသို့ သွားရောက်ပြီး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု(နည်းပြ) သင်တန်းဖွင့်လှစ်မည်

နေပြည်တော် မေ ၃

ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့(နေပြည်တော်၊ ပျဉ်းမနား)နှင့် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းတို့မှ ပူးပေါင်းစီစဉ်ကျင်းပသော ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု(နည်းပြ) သင်တန်းကို မေ ၅ ရက်နှင့် ၆ ရက်တို့တွင် မှော်ဘီမြို့နယ် ဘန်းဘွေးကုန်းကျေးရွာ ကျိုက်ဒေးဒလွန်ဘုရားလမ်းရှိ မိုးကုတ်ဝိပဿနာထေရီဓမ္မရိပ်သာ'၌ ဖွင့်လှစ်မည်ဖြစ်ပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာများနှင့် သင်ကြားနည်းစနစ်များကို ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့မှ ဆရာကြီးဆရာမကြီးများက ဓမ္မဒါနသင်ကြားပို့ချပေးမည်ဖြစ်ကာ လိုအပ်သော စာရွက်စာတမ်းများနှင့် နေ့လယ်စာကိုပါ ဓမ္မဒါနလှူဒါန်းမည်ဖြစ်သည်။

သင်တန်းကို ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု(အပတ်စဉ်) သင်တန်းများ ဖွင့်လှစ်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ လက်ရှိသင်ကြားမှုလုပ်ငန်းကို ဆောင်ရွက်နေသည့် ဆရာဆရာမများနှင့် အသက်(၁၈)နှစ်ပြည့်ပြီးသူ၊ ယဉ်ကျေးမှုသင်တန်းများတွင် နည်းပြအဖြစ် ပြန်လည်သင်ကြားလိုသူများ တက်ရောက်နိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ရန်အတွက် ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း၊ သိမ်ကြီးဈေး(စီ)ရုံ အဆောင်(၄)ပထမထပ် ဖုန်း-၃၈၂၉၃၅နှင့် ၀၉-၅၀၇၉၆၇၄ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဧပြီ ၂၉ ရက်ညနေ ၄ နာရီက အင်းစိန်မြို့နယ် ဗဟို လမ်းမကြီး မြို့နယ် လျှပ်စစ်ရုံး အနီးရှိ တယ်လီဖုန်းသွယ် တန်း ထားသည့် ဓာတ်တိုင်ကို စည်ပင်သာယာမှ အမှိုက်သိမ်းယာဉ် ၃ခ/----က ပလက်ဖောင်းကို ကျော်ဖြတ်ပြီး ဝင်တိုက်မိစဉ်။

(၆၈၄)

နေပြည်တော် အရှေ့တောင်ပေါ်ဒေသ ကိုးကွေ့၊ တောင်ကျမှထွက်ရှိသော ချင်း(ဂျင်း)နှင့် နနွင်းတက်များကို ပြည်ပမှ အများအပြားမှာယူသုံးစွဲ

နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာလမ်းဆုံမှ သွားလာရသော ပင်လောင်းမြို့နယ် ကိုးကွေ့၊ တောင်ကျကျေးရွာများမှ ထွက်ရှိသည့် ဒေသထွက်ကုန် အထူး ချင်း(ဂျင်း)နှင့် နနွင်းတို့သည် ယခုအခါ ၎င်းဒေသ ထွက်ပစ္စည်းများကို ပြည်ပမှ ကြိုက်နှစ်သက်၍ ကိုးကွေ့၊ တောင်ကျမှ ချင်း(ဂျင်း)နှင့် နနွင်းများအား နယ်မှ ကုန်သည်များ သူ့ထက်ငါအဝယ်များပြားနေကြောင်း ကုန်သည် ဒေါ်သန်းသန်းအေး(ပျဉ်းမနား)ထံမှ သိရသည်။

"ကျွန်မတို့ပျဉ်းမနားမြို့ကနေ ကိုးကွေ့၊ တောင်ကျ အစရှိတဲ့တောင်ပေါ်ဒေသ ကျေးရွာတွေကို တပ်ကုန်းမြို့နယ် တောင်ဘက် ကင်းသာလမ်းဆုံကတစ်ဆင့် လမ်းခွဲအတိုင်း (၂၀ မိုင် ၃ ဖာလုံ) သွားရပါတယ်။ ကိုးကွေ့ကျေးရွာ ဒေသခံကရင်လူမျိုးများရဲ့ လက်ငုတ်စီးပွားအရင်းခံကတော့ ချင်းတက်နှင့်နနွင်းတက်၊ ငှက်ပျောတို့ကို အဓိကစိုက်ပျိုးပါတယ်။ ပစ္စည်းဝယ်ယူတဲ့အခါမှာ ယခင်နှစ်ကထက် ယခုနှစ်က ဈေးပိုပေးပြီးဝယ်ရပါတယ်။ ယခုနှစ် (Export)ရှိ၍ ဝယ်ယူသူတွေက ဈေးပိုပြီး ဖျက်ဝယ်ကြတယ်။ ယခင်နှစ်က နနွင်းတက်တစ်ပိဿာ ကျပ် ၁၂၀၀ ပေးဝယ်ရင် ရှယ်အမျိုးအစားရပါတယ်။ ယခုနှစ် စိုထိုင်းတဲ့နနွင်းတွေကို ကျပ် ၁၅၀၀ ပေးဝယ်ရတယ်။ အဝယ်များသော်လည်း သူ့ထက်ငါဈေးပေးဝယ်ရပြီး ရန်ကုန်ပွဲစားတွေထံ ပြန်သွင်းတော့ ဈေးကွက်မလှဘူး"ဟု ၎င်းက ရှင်းပြသည်။

ယခုနှစ်တွင် နေပြည်တော် အရှေ့တောင်ပေါ်ဒေသများမှ ထွက်ရှိသော ချင်းတက်နှင့် နနွင်းတက်များကို ဘင်္ဂလားဒေ့ရှ်မှ အများအပြား မှာယူနေသောကြောင့် ချင်းတက်နှင့်နနွင်းဈေးမှာ မြင့်သွားရခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော၊ အောင်ပန်း၊ တောင်ကြီးမြို့များတွင် ချင်းတက်နှင့် နနွင်းတက်များကို အဓိကစိုက်ပျိုးကြပြီး တိုင်းရင်းဆေးဝါး ဖော်စပ်ရာတွင် ကုန်ကြမ်းအဖြစ် သုံးစွဲသည့်အပြင် သား၊ ငါးချက်ပြုတ်ရာတွင် လည်းမပါမဖြစ် ထည့်သွင်းအသုံးပြုရသော ဟင်းခတ်ပစ္စည်းတစ်မျိုးဖြစ်သည်။

သတင်းနှင့် ဓာတ်ပုံ
မင်းမင်းလတ်

တောင်ကျကျေးရွာမှ ထွက်ရှိသော နနွင်းတက်များအား ကုန်သည်များက ဝယ်ယူရန် ကြည့်ရှုကြစဉ်။

တောင်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မေ ၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကရင်ပြည်နယ်တွင် မေလ၏ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်မှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** လောင်းလုံမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ကော့သောင်းမြို့တွင် သုည ဒသမ ၆၅ လက်မ၊ ဟသ်ာတမြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် မအူပင်မြို့တွင် သုည ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အိုင်အယ်လ်အိုအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခေါင်းဆောင်သည့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အိုင်အယ်လ်အိုအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ Mr. Greg Vines ခေါင်းဆောင်သည့် အဖွဲ့ဝင်ငါးဦး ပါဝင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အိုင်အယ်လ်အိုတို့အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အိုင်အယ်လ်အိုအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ Mr. Greg Vines ခေါင်းဆောင်သည့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပုလဲသွယ်စပ်မျိုး နွေစပါးစိုက်ပျိုးထားမှု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဧပြီ ၃၀ ရက်တွင် ကျောက်တော်မြို့နယ် ဇီးချောင်းဆည်အနီး၌ ပုလဲသွယ်စပ်မျိုး နွေစပါးစိုက်ပျိုးထားမှုကို ကြည့်ရှုပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ကျောက်တော်မြို့ သေလာဂီရိကျောက်တော်တောင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်၌ ကျင်းပသည့် ရခိုင်ရိုးရာလှေပြိုင်ပွဲအတွက် ဆုငွေချီးမြှင့်ကာ အပေါက်ဝ တိုက်နယ်ဆေးရုံသို့ သွားရောက်၍ လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ပြီး ခွဲစိတ်ခန်းကို စစ်ဆေးသည်။

ထို့နောက် ရန်ကုန်-စစ်တွေလမ်း အပိုင်း(၂) ကြာအင်းတောင်-စစ်တွေ လမ်းပိုင်း လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီမတိုင်ခင်ပြီးစီးရေး၊ လမ်းပိုင်းအားလုံးကောင်းမွန်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေးဟောင်းပစ္စည်းအပ်နှံသူအား ဆုကြေးငွေချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မေ ၃

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျပ်ပြင်ကျေးရွာအုပ်စု အုတ်အင်းရပ်နေ ဦးအောင်ဝင်းသည် ဆေးကျမ်း၊ ငွေစာရင်းမှတ်စုနှင့် ဆေးမင်ကြောင် ပုရပိုက်များ၊ ကျောက်ခေတ်နှင့် ကြေးခေတ် လက်နက်များ၊ သံခေတ်လှံသွား၊ ဟံသာဝတီခေတ် အလေးများ၊ ကုန်းဘောင်ခေတ် မြေဆေးတံများအား စုဆောင်းခဲ့ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ အပ်နှံခဲ့ရာ ရှေးဟောင်းပစ္စည်းအကဲဖြတ်အဖွဲ့က စစ်ဆေးပြီး ခေတ်ကာလကြေး၊ လက်ရာကြေးများ တွက်ချက်၍ ဆုကြေးငွေ ပေးအပ်ချီးမြှင့်ပွဲကို မေ ၂ ရက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်က ယခုကဲ့သို့ ကျောက်ခေတ်နှင့် ကြေးခေတ် လက်နက်များ၊ ကုန်းဘောင်ခေတ်လက်ရာပစ္စည်းများ လာရောက်အပ်နှံမှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ လာရောက်အပ်နှံသော ပစ္စည်းများသည် ကျောက်ခေတ်နှင့် ကြေးခေတ်လက်နက်များ၊ ကုန်းဘောင်ခေတ်လက်ရာများဖြစ်သဖြင့် နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို လာရောက်အပ်နှံပါက ရှေးဟောင်းပစ္စည်းများ၏ မူလတန်ဖိုးအပေါ်တွင် ခေတ်ကာလတန်ဖိုးနှင့် လက်ရာတန်ဖိုး ထပ်ဆောင်းလျက် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်လျက်ရှိကြောင်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို အကြောင်းအမျိုးမျိုးကြောင့် တွေ့ရှိပါက တာဝန်သိသိဖြင့် နိုင်ငံတော်သို့ အပ်နှံစေရန်လည်း အသိပညာပေးလျက်ရှိကြောင်း၊ ယဉ်ကျေးမှုတန်ဖိုး မြင့်မားသည့် ရှေးဟောင်းပစ္စည်းများကို ဖျက်ဆီးခြင်း၊ တရားမဝင်ရောင်းချခြင်းများကိုလည်း တည်ဆဲဥပဒေများအရ ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်က ကျောက်ခေတ်နှင့် ကြေးခေတ် လက်နက်များ၊ ကုန်းဘောင်ခေတ် လက်ရာပစ္စည်းများ လာရောက်အပ်နှံသော ဦးအောင်ဝင်းအား ငွေကျပ် ၈၁၉၆၅၀ ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုကြေးငွေချီးမြှင့်ခံရသူ ဦးအောင်ဝင်းက ရှေးဟောင်းပစ္စည်းအပ်နှံခဲ့မှုနှင့် ယခုကဲ့သို့ နိုင်ငံတော်က ထိုက်တန်စွာဆုချီးမြှင့်ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့မှ တွေ့ရှိသည့် ယဉ်ကျေးမှုအမွေအနှစ် ဝတ္ထုပစ္စည်းများကို တာဝန်သိသိဖြင့် လာရောက်အပ်နှံပါက အဆိုပါပစ္စည်း၏ ကာလတန်ဖိုးအပြင် ရှေးဟောင်းပစ္စည်းတန်ဖိုး၊ ရှေးဟောင်းလက်ရာတန်ဖိုး၊ ခေတ်ကာလ တန်ဖိုးများပါ ထပ်ဆောင်းလျက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ယဉ်ကျေးမှုတန်ဖိုး မြင့်မားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စုဆောင်းထိန်းသိမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

A PINK ပေါ့ပ်တေးဂီတအဖွဲ့ တေးအယ်လ်ဘမ်သစ် ထွက်ရှိမည်

ကိုရီးယားအမျိုးသမီး ပေါ့ပ်တေးဂီတအဖွဲ့ A PINK သည် လာမည့်သီတင်းပတ်အတွင်း တေးအယ်လ်ဘမ်သစ်တစ်ခု ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းတို့၏ အေဂျင်စီ A Cube ဖျော်ဖြေရေးကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။**(ယာပုံ)**

A Cube ဖျော်ဖြေရေးအေဂျင်စီက မေ ၂ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ထုတ်ပြန်ကြေညာရာတွင် A PINK ပေါ့ပ်တေးဂီတအဖွဲ့၏ UNE ANNEE အမည်ရှိ တေးအယ်လ်ဘမ်သစ်ကို မေ ၉ ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု ဆိုသည်။

ယင်းတေးအယ်လ်ဘမ်တွင် သီချင်းကိုးပုဒ်ပါဝင်သည်ဟု သိရသည်။ A PINK ပေါ့ပ်တေးဂီတအဖွဲ့သည် ကိုရီးယားပေါ့ပ်တေးဂီတလောကတွင် အခိုင်အမာရပ်တည်နေနိုင်သည့် အမျိုးသမီး ပေါ့ပ်တေးဂီတအဖွဲ့တစ်ခု ဖြစ်သည်။

A PINK ပေါ့ပ်တေးဂီတအဖွဲ့ကို ကိုရီးယားလှပျိုဖြူလေးများဖြစ်သည့် ဆွန်နာအန်၊ ယွန်ဘိုမီ၊ ပါ့ခ်ချိုယောင်၊ အိုဟာယန်း၊ ကင်မ်နန်ဂျူ၊ ဂျောင်အန်ဂျီ၊ ဟောင်ယူကျောင်းတို့ဖြင့် ဖွဲ့စည်းထားပြီး Seven Springs of A PINK အမည်ရှိ တေးအယ်လ်ဘမ်ဖြင့် ဂီတလောကသို့ ဝင်ရောက်လာသူများ ဖြစ်ကြသည်။

I Don't Know၊ It Girl နှင့် My My တေးသီချင်းများမှာ ၎င်းတို့အဖွဲ့၏ နာမည်ကျော်လူကြိုက်များသည့် တေးသီချင်းများဖြစ်သည်။

အင်တာနက်။

အောဝမ်းစိုး

ပုဇွန်တောင်မြို့နယ် ဓာတ်အားခွဲရုံရှိ ထရန်စဖော်မာ မီးလောင်ပျက်စီးဆုံးရှုံးသည်များ အချိန်မီအစားထိုး၍ ပုံမှန်ဓာတ်အားပေးနိုင်ခဲ့

ရန်ကုန် မေ ၃

ပုဇွန်တောင်မြို့နယ် ဓာတ်အားခွဲရုံရှိ ထရန်စဖော်မာ မီးလောင်ခဲ့သော်လည်း အချိန်မီငြိမ်းသတ်နိုင်ခဲ့ပြီး ပျက်စီးဆုံးရှုံးသည်များကို အချိန်မီအစားထိုး၍ သက်ဆိုင်ရာ ဓာတ်အားဖြန့်ဝေရာ ၂၄ နေရာများသို့ ပုံမှန်ပြန်လည် ဓာတ်အားပေးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် (၃)ရပ်ကွက် နံ့သာဖြူလမ်း၊ သီတာဓာတ်အားခွဲရုံတွင် မေ ၂ ရက် ည ၈ နာရီ ၄၇ မိနစ်တွင် ထရန်စဖော်မာ သုံးလုံးအနက် ၆၆-၃၃ ကေဗွီ ထရန်စဖော်မာတစ်လုံးသည် အပူလွန်ကဲ၍ Tab changer box မှ ကြွေသီးပွင့်ထွက်ပြုတ်ကျကာ ဆီများပန်းထွက်၍ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ အချိန်မီလာရောက်ငြိမ်းသတ်နိုင်ခဲ့သဖြင့် ည ၉နာရီ ၅ မိနစ်အတွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ၆၆-၃၃ ကေဗွီ ထရန်စဖော်မာတစ်လုံး ပျက်စီးသွားခဲ့ပြီး ၎င်းထရန်စဖော်မာမှ ဓာတ်အား ဖြန့်ဝေပေးနေသော မြို့နယ်များဖြစ်သည့် ကျောက်တံတား၊ ပန်းဘဲတန်း၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ တာမွေ အစရှိသည့် မြို့နယ်များရှိ ရပ်ကွက်အချို့တွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပွားခဲ့ပြီး ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် သီတာဓာတ်အားခွဲရုံရှိ တာဝန်ရှိသူများက အချိန်မီ လျှပ်စစ်ဓာတ်အား ပုံမှန်ရရှိနိုင်ရန်အတွက် ပျက်စီးမှုများကို အစားထိုးပြုပြင်လဲလှယ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းနှင့် ပတ်သက်၍ ကျွမ်းကျင်သူပညာရှင်များ၏ လေ့လာစစ်ဆေးချက်အရ အဆိုပါ ထရန်စဖော်မာသည် သက်တမ်း နှစ် (၃၀)ခန့်ရှိပြီး အဝင်ဓာတ်အားထက် သုံးစွဲမှုပိုမိုများသဖြင့် အပူလွန်ကဲကာ ကြွေသီးပွင့်ထွက်၍ အတွင်းမှ ဆီများပန်းထွက်ကာ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၆၄၉)

ဥတုရာသီ တောကိုမီး၏

မိုးညို မြို့နယ်အတွင်း လေဆင်နှာမောင်း တိုက်ခတ်

ရန်ကုန် မေ ၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ရွာသစ်ကျေးရွာ၌ မေ ၁ ရက် ည ၆ နာရီခွဲခန့်က လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ အမျိုးသမီးနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ လေဆင်နှာမောင်းကြောင့် ရွာသစ်ကျေးရွာရှိ ဦးစိုးဝင်း၏ (သုံးပင်×လေးပင်) သက်ငယ်မိုးထရံကာ နေအိမ်ပေါ်သို့ သရက်ပင်ထက်ပိုင်းကျိုးကျပြီး မရင်ကြည် (၃၉)နှစ်မှာ ဝဲဘက်ပခုံးလက်မောင်း ပေါက်ပြဲဒဏ်ရာရရှိခဲ့ပြီး မဇာခြည်ဝင်း (၁၈) နှစ်မှာ အောက်မေးစေ့ပေါက်ပြဲပြီး နှာခေါင်းဖူးရောင်၍ ခေါင်းမှသွေးထွက်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ထိုဖြစ်ပွားရာသို့ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်သုံးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က မိုးညိုမြို့နယ်ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ခဲ့ပြီး ယင်းမှ မဇာခြည်ဝင်းမှာ စိုးရိမ်ရသောကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လေပြင်းကြောင့် မိုးသည်းထန်စွာရွာ၍ မအူပင်၌ ငါးဖမ်းလှေငယ် ၁၁ စင်းနစ်မြုပ်

ရန်ကုန် မေ ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စမ်းချောင်းကျေးရွာ စမ်းချောင်းတုံး(အိုင်)အတွင်း မအူပင်မြို့နယ် မီးသတ်စခန်းနှင့် ရေမိုင် ကိုးမိုင်ခန့်အကွာဖြစ်သော ခန့်မှန်းမြေပုံအညွှန်း (မပညGP ၇၆၂၆၂၃)တွင် မေ ၁ ရက် ညနေ ၃ နာရီခွဲခန့်က ငါးဖမ်းလှေငယ် ၁၁ စင်းဖြင့် ငါးဖမ်းနေကြစဉ် လေပြင်းတိုက်ကာ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ငါးဖမ်းလှေငယ်များ တိမ်းမှောက်သွားခဲ့ရကြောင်း သိရသည်။

ထိုဖြစ်စဉ်ကြောင့် ငါးဖမ်းလှေငယ် ၁၁ စင်းလုံး တိမ်းမှောက်သွားခဲ့ရပြီး လှေပေါ်ပါလာသူများအနက် မအူပင်မြို့နယ် စက်ကြီးပိုင်းကျေးရွာနေ ဘ-ဦးဝင်းကြည်၏ သမီးဖြစ်သူ မမြင့်မြင့်အေး(ခ)ကရင်မ (၁၄) နှစ်မှာ ရေနစ်သေဆုံးကာ ကျန်ရှိသော လှေပေါ်ပါလာသူများမှာ ကမ်းစပ်သို့ ရေကူးလွတ်မြောက်သွားခဲ့ကြောင်း၊ ထိုတိမ်းမှောက်ရာသို့ စမ်းချောင်းကျေးရွာရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့မှ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လှေနှင့်အလောင်းများအား ဆယ်ယူရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်ကာ လေပြင်းများကြောင့် နေအိမ်များပျက်စီး

ရန်ကုန် မေ ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ငါးကြီးကရက်ကျေးရွာအုပ်စုရှိ ကျေးရွာငါးရွာတွင် ဧပြီ ၃၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် တဲအိမ်အလုံး ၃၀ နှင့် ဟာလာဆန်စက်တစ်လုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

မေလ ၁ ရက်တွင် ထပ်မံရရှိသော နောက်ဆက်တွဲသတင်းများအရ လေပြင်းတိုက်ခတ်ရာ ကျေးရွာအုပ်စုသုံးအုပ်စုမှ ကျေးရွာရှစ်ရွာတွင် တဲအိမ် ၆၂ လုံး ပြိုကျခဲ့ပြီး ဘုန်းကြီးကျောင်းတစ်ကျောင်း အမိုးလန်ပျက်စီးကာ တဲအိမ်များ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၈၆၀၀၀၀ ခန့်နှင့် ဘုန်းကြီးကျောင်းအမိုးလန်ပျက်စီးမှု တန်ဖိုး ငွေကျပ် ၃၀၀၀၀ ခန့် စုစုပေါင်းငွေကျပ် ၁၈၉၀၀၀၀ ခန့် ဖြစ်ကြောင်း၊ လေဘေးဒုက္ခသည်များမှာ အိမ်ထောင်စု ၆၂ စုမှ လူဦးရေ (၁၂)နှစ်အထက် ကျား ၈၄ ဦး၊ မ ၈၆ ဦးနှင့် (၁၂)နှစ်အောက်ကျား ၄၅ ဦး၊ မ ၅၄ ဦး စုစုပေါင်း ၂၆၉ ဦးဖြစ်ကြောင်း သိရသည်။

ထိုလေဘေးသင့်ကျေးရွာများရှိ အဆောက်အအုံများ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ၊ ပစ္စည်းသယ်ယူရွှေ့ပြောင်းရေးလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ သန္ဓေတပ်ဖွဲ့ဝင်နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့မှ မေ ၁ ရက်တွင် စတင်ကာ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေဘေးသင့်ဒုက္ခသည်များကို ကျေးရွာအစီအစဉ်ဖြင့် တစ်အိမ်ထောင်လျှင် ဆန်ခြောက်ပြည်နှုန်း ထောက်ပံ့ပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအသင်းတို့မှ ထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်းများကို သက်ဆိုင်ရာကျေးရွာများသို့ အရောက်လှူဒါန်းခဲ့ကြောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်း-ထက်ခိုင်(စမ်းချောင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၄-၅-၂၀၁၂ (သောကြာနေ့)

၅း၂၀	MRTV-4 သတင်း
၅း၄၀	"အရှုံးပေးမှ အနိုင်ရတယ်" တရားတော် (ဆရာတော်ဘဒ္ဒန္တ ပညာသာရ)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၁၁)**
၇း၃၀	MRTV-4 သတင်း
၁၁း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၃၁)**
၂း၀၀	MRTV-4 သတင်း
၃း၀၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၁၁)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၂၅)**
၅း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၃၁)**
၆း၀၀	MRTV-4 သတင်း
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၁၂)**
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်"(အပိုင်း-၂၆)**
၁၀း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၃၂)**

ထူးချွန်ကြက်ခြေနီမောင်မယ်များ အတွေ့အကြုံများ၊ နည်းလမ်းများကို အချင်းချင်းဖလှယ် ဘေးဒုက္ခကျရောက်လွယ်သူများနှင့် ဘေးဒုက္ခကျရောက်နေသူများကို ထိထိရောက်ရောက်ပံ့ပိုးကူညီ

နေပြည်တော် မေ ၃

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ ၂၀၁၂ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း စုဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ချီးကျူးဂုဏ်ပြုမှုအစဉ်အလာများကို ပြန်ကြည့်လျှင် ၁၉၇၁ ခုနှစ်မှ စတင်၍ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကြက်ခြေနီ စေတနာလုပ်အားရှင်များအား စံပြကြက်ခြေနီအဖြစ် စခန်းများ ဖွင့်လှစ်ပြီး ချီးကျူးဂုဏ်ပြုခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်က စတင်၍ ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲအဖြစ် အမည်ပြောင်းလဲကာ ချီးကျူးဂုဏ်ပြုမှုများ ပြုလုပ်ပေးခဲ့ကြောင်း။

ထူးချွန်ကြက်ခြေနီမောင်မယ်များသည် မိမိတို့၏ ဒေသအလိုက်ကွဲပြားခြားနားသည့် စွမ်းဆောင်ရည်များ၊ ကျွမ်းကျင်မှုများ၊ အောင်မြင်မှုများ၊ အတွေ့အကြုံများ၊ အခက်အခဲများအား ဖြေရှင်းခဲ့ရသည့် နည်းလမ်းများကို အချင်းချင်းဖလှယ်၍ ဘေးဒုက္ခ ကျရောက်လွယ်သူများနှင့် ဘေးဒုက္ခ ကျရောက်နေသူများအား ထိထိရောက်ရောက် ပံ့ပိုးကူညီနိုင်ရန် လိုအပ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် Climate Change ကြောင့်ဖြစ်သည့် လေမုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ ဆူနာမီရေလှိုင်းကြီးများဖြစ်ခြင်း၊ ရေကြီးခြင်း စသည့် သဘာဝဘေးအန္တရာယ်များ အပြင် ကျန်းမာရေးဆိုင်ရာ ရောဂါများကိုလည်း ခံစားနေကြရကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ဤသို့ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ရာ နာဂစ်မုန်တိုင်း၊ ဂီရိမုန်တိုင်းနှင့် တာလေငလျင်ဒဏ်ခံရသည့် ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့သည့် ကြက်ခြေနီစေတနာလုပ်အားရှင်များအား လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်နေသည့် ရောဂါဘေး ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များအား လည်းကောင်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် နောင်တွင်လည်း ယခုကဲ့သို့ ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ထူးချွန်ကြက်ခြေနီတံဆိပ်နှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ထူးချွန်ကြက်ခြေနီတံဆိပ်နှင့် ဂုဏ်ပြုလွှာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ထူးချွန်ကြက်ခြေနီ ၁၀၅ ဦးအား မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ ၂၀၁၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြသဆဲမြန်မာဇာတ်ကား ဆက်လက်ပြသ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားသစ်များ ရုံတင်

ရန်ကုန် မေ ၃

မေ ၄ ရက် ယခု(သောကြာနေ့)တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ ပြီးခဲ့သည့် သောကြာနေ့က ရုံတင်ခဲ့သည့် ဇာတ်လမ်းဇာတ်ညွှန်းနှင့် ဒါရိုက်တာမင်းအုပ်စိုး၏ ရင်ကွဲနာဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

မိဘမဲ့ မောင်နှမ သုံးဦး၏ မေတ္တာဘွဲ့ ဇာတ်လမ်းဖြစ်ကာ မိဘများမရှိသည့်နောက် ဖခင်သဖွယ် ညီငယ်ညီမငယ်များအပေါ် မေတ္တာမျှဝေခဲ့သည့် အစ်ကိုကြီးတစ်ယောက်၏ဘဝကို ဒါရိုက်တာက မိမိကိုယ်တိုင်သရုပ်ဆောင်အဖြစ် ပီပြင်စွာ သရုပ်ဆောင်ရိုက်ကူးထားသည့် ဇာတ်ကား တစ်ကားဖြစ်သည်။ ရန်အောင်၊ နေထူးနိုင်၊ ထိုက်တန်၊ မင်းအုပ်စိုး၊ မြတ်ကေသီအောင်၊ ဇူးဇူးမောင်၊ ချစ်စနိုးဦး၊ ချိုပြုံးနှင့် ကုသိုလ်တို့ပါဝင်ကြပြီး သမ္မတ၊ သွင်၊ မင်္ဂလာ(၁) သိမ်ကြီးဈေးတို့တွင် ပြသလျက်ရှိသည်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာ(၂)ဒဂုံစင်တာ မြေနီကုန်းတွင် နာမည်ကြီး ကွန်ဖူးမင်းသား ဂျက်လီ၏ FLYING SWORDS OF DRAGON GATE 3D ဇာတ်ကား ပြသမည်ဖြစ်ပြီး ရွှေ့ဆောင်ရုံတွင် BATTLE SHIP စစ်ကားနှင့် နေပြည်တော်ရုံတွင် THE HUNGER GAMES ဇာတ်ကားများ ပြသမည်ဖြစ်သည်။

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒု-ဦးစီးမှူးများ စွမ်းဆောင်ရည်မြင့်မားရေးမွမ်းမံသင်တန်း(၁/၂၀၁၂)ဖွင့်

ရန်ကုန် မေ ၃

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒု-ဦးစီးမှူးများ စွမ်းဆောင်ရည်မြင့်မားရေးမွမ်းမံသင်တန်း(၁/၂၀၁၂) ဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းဖွင့်ပွဲတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးခင်မောင်ဗိုလ်က အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ တက်ရောက်လာသည့် သင်တန်းသား ၈၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၂-၅-၂၀၁၂ မှ ၂၅-၅-၂၀၁၂ အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ယခု သင်တန်းတွင် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ မြေတိုင်းတာခြင်း၊ မြေပုံရေးဆွဲထုတ်လုပ်ခြင်းနှင့် မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေးလုပ်ငန်းရပ်များ၊ လယ်ယာကဏ္ဍ စာရင်းအင်းမှန်ကန်ရေးနှင့် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များကို စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(၅၂၆)

ကချင်ပြည်နယ်အတွင်း ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့ တံတားသုံးစင်းမိုင်းခွဲ

နေပြည်တော် မေ ၃

ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ အကျိုးစီးပွားထိခိုက်စေရန်အတွက် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို နေ့စဉ်ရက်ဆက် ဖောက်ခွဲဖျက်ဆီးလျက်ရှိရာ မေ ၁ ရက် ည ၁၂ နာရီခန့်တွင် မြစ်ကြီးနား-ချီဖွေ ကားလမ်းပေါ်ရှိ ဒွန်ဘန်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် တံတားကြမ်းခင်း နှစ်ပေပတ်လည်ခန့် ပေါက်ပြဲပျက်စီးသွားခဲ့သည်။ အလားတူ မေ ၂ ရက် နံနက် ၁ နာရီခွဲခန့်တွင် ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီးလမ်းပေါ်ရှိ လန်န ခုနစ်ရောင်ခြယ်သံကူကွန်ကရစ်တံတားအား ကေအိုင်အေ(ကချင်)လက်နက်ကိုင်များက မိုင်းထောင်ဖောက်ခွဲခဲ့ရာ တံတားကြမ်းခင်း အလျားပေ ၂၀ ခန့် ပျက်စီးခဲ့သည်။

ထို့အပြင် မေ ၂ ရက် နံနက် ၇ နာရီခန့်တွင် မြစ်ကြီးနား-တနိုင်းကားလမ်း ဝရာဇွတ်ကျေးရွာအနီး သံပေါင်ဘေလီတံတားအား ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲခဲ့ရာ တံတားညာဘက်အခြမ်း ကြမ်းခင်း နှစ်ပေခန့် ပျက်စီးခဲ့ပြီး အောက်ခံသံပေါင် အနည်းငယ်ကွေးသွားခဲ့ကြောင်း သိရှိရသည်။

ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့၏ ယင်းသို့ဖောက်ခွဲဖျက်ဆီးမှုများကြောင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး စီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အမှတ်(၁၀၀၂)နယ်ခြားစောင့်တပ်ဌာနချုပ်ကို တိုက်ခိုက်ခဲ့သည့် ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့များ အကျအရှုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေး

နေပြည်တော် မေ ၃

ကချင်ပြည်နယ် ပန်ဝါမြို့နယ်ခွဲ လုပီကျေးရွာအနီးတည်ရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အမှတ်(၁၀၀၂) နယ်ခြားစောင့်တပ်ဌာနချုပ်အား ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့သည် ၎င်းတို့၏ ကျဆင်းနေသော စစ်ရေးသိက္ခာမြှင့်တင်နိုင်ရေး နယ်စပ်မြို့ဖြစ်သည့် ပန်ဝါမြို့နယ်ခွဲအား သိမ်းပိုက်နိုင်ရေး၊ ကေအိုင်အေ အမာခံနယ်မြေဖြစ်စေရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ သိမ်းပိုက်ချဲ့ထွင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ဧပြီ ၂၇ ရက်မှစ၍ အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

အဆိုပါ ကေအိုင်အေ(ကချင်) လက်နက်ကိုင် အင်အားစုများအား အမှတ်(၁၀၀၂) နယ်ခြားစောင့်တပ်မှ တပ်မှူးနှင့်တကွ အရာရှိ/စစ်သည် မိသားစုများက ရွပ်ရွပ်ချွံချွံ ပြန်လည်ခုခံတိုက်ခိုက်ကြသကဲ့သို့ လှုပ်ရှားတပ်မတော်စစ်ကြောင်းများကလည်း ဧပြီ ၂၇ ရက်တွင်ပင် စစ်ကူပစ်ကူအချိန်မီရောက်ရှိပြီး နယ်ခြားစောင့်တပ်နှင့် ပူးပေါင်းတိုက်ပွဲဝင်ခဲ့ရာ ဧပြီ ၂၉ ရက်တွင် တပ်မတော်စစ်ကြောင်းများ၏ တန်ပြန်တိုက်ခိုက်မှု အပါအဝင် တိုက်ပွဲကြီးငယ် (၁၁)ကြိမ် ဖြစ်ခဲ့ပြီးနောက် ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့များသည် အထိအခိုက်အကျအရှုံးများစွာဖြင့် အမှတ်(၁၀၀၂)နယ်ခြားစောင့်တပ်ဌာနချုပ်၏ တောင်ဘက်နှင့် အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြသည်။

ဆုတ်ခွာထွက်ပြေးသွားသည့် ကေအိုင်အေ(ကချင်) လက်နက်ကိုင်များနောက်သို့ တပ်မတော်စစ်ကြောင်းများက ထက်ကြပ်လိုက်လံရှင်းလင်းလျက်ရှိရာ မေ ၃ ရက်ထိ ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့ဘက်မှ လက်နက် ၁၄ လက်၊ အလောင်း ၂၉ လောင်း၊ အရှင်ဖမ်းဆီးရမိတစ်ဦး၊ ခဲယမ်းနှင့် မိုင်းအမြောက်အမြား သိမ်းဆည်းရမိကာ တပ်မတော်ဘက်မှ စစ်သည်နှစ်ဦး တိုင်းပြည်အတွက် အသက်စွန့်ခဲ့ရပြီး အရာရှိ သုံးဦးနှင့် စစ်သည် ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထို့ပြင် တိုက်ပွဲကြောင့် အမှတ်(၁၀၀၂) နယ်ခြားစောင့်တပ်ဌာနချုပ်ရှိ ရိက္ခာဂိုဒေါင်အဟောင်း တစ်လုံး မီးလောင်ပျက်စီးပြီး စစ်သည်နေအိမ်အဆောက်အအုံများ လက်နက်ကြီး/လက်နက်ငယ်ကျည်များ ထိမှန်ကာ အနည်းငယ်စီ ပျက်စီးခဲ့သည်။

အဆိုပါ ကေအိုင်အေလက်နက်ကိုင်အဖွဲ့များသည် လမ်းခရီးတစ်လျှောက် ဒေသခံတိုင်းရင်းသားများအား စစ်ဆင်ရေးအထမ်းသမားများအဖြစ် ကျေးရွာပေါင်း ၂၉ ရွာမှ ရွာသူရွာသား ၃၄၅ ဦးအား အဓမ္မ ဖမ်းဆီးခေါ်ဆောင်အသုံးပြုခဲ့ကြောင်း၊ ထွက်ပြေးလွတ်မြောက်လာကြသည့် အထမ်းသမား နှစ်ဦးက ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖမ်းဆီးရမိသည့် ကေအိုင်အေ (ကချင်) လက်နက်ကိုင်တပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၄) လက်ကျန်ပွဲ အနိုင်/အရှုံးရလဒ်များ

လီဗာပူး	၀ - ၁	ဖူလ်ဟမ်
စတုတ်စီးတီး	၁ - ၁	အဲဗာတန်
ချယ်လ်ဆီး	၀ - ၂	နယူးကာဆယ်
ဘော်လ်တန်	၁ - ၄	စပါး

မိုးကြိုးပစ်၍ လူနှစ်ဦး သေဆုံး

ရန်ကုန် မေ ၃

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပန်ချောင်ကျေးရွာနေ မောင်ဝေလင်းနိုင် အသက်(၂၀) (စာရင်းငှား) သည် လက်ပန်ချောင်ကျေးရွာ မြောက်ကွင်း၌ နွားများလှန်ထားသဖြင့် သွားရောက်သိမ်းယူနေစဉ် မိုးသည်းထန်စွာရွာသွန်း၍ ဧပြီ ၂၉ ရက် ညနေ ၄ နာရီခွဲခန့်တွင် မိုးကြိုးပစ်ခံရပြီး သေဆုံးသွားသည်။

ထို့အတူ ဘိတ်သိတ်ကျေးရွာ၌လည်း သာဂရကျေးရွာမှ ဦးတင်ငွေ အသက်(၅၃)နှစ်သည် ဘိတ်သိတ်ကျေးရွာနေ သမီးဖြစ်သူ မစိုးမာထံ လာရောက်လည်ပတ်စဉ် ကွင်းအမှတ် (၁၂၀)၌ ဆေးဖျန်းပုံးအား သွားရောက်သိမ်းယူနေစဉ် မိုးသည်းထန်စွာရွာသွန်း၍ ညနေ ၅ နာရီခန့်တွင် မိုးကြိုးပစ်ခံရပြီး သေဆုံးသွားကြောင်း သိရှိရသည်။

(၀၂၈)

ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းအား Standard Chartered Bank မှ အလုပ်အမှုဆောင်အရာရှိဥက္ကဋ္ဌနှင့် အဖွဲ့တွေ့

နေပြည်တော် မေ ၃

ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သောင်းအား Standard Chartered Bank မှ အလုပ်အမှုဆောင်အရာရှိ ဥက္ကဋ္ဌ Ms. LYN KOK ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ကော်မတီဆောင် (၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။(ယာပုံ)

ထိုသို့တွေ့ဆုံရာ၌ ကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းနှင့်အတူ အတွင်းရေးမှူး ဦးဝင်းမြင့်၊ ကော်မတီဝင်များ ဖြစ်ကြသည့် ဦးမောင်မောင်စိုးနှင့် ဒေါက်တာစိုင်းကျော်အုန်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းစနစ်နှင့် စီးပွားရေးဆိုင်ရာ ငွေကြေးစနစ်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံဘဏ်လုပ်ငန်းဆိုင်ရာများတွင် လိုအပ်သည်များကို ကူညီပေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

အဆိုပါ Standard Chartered Bank သည် ကမ္ဘာ့အကြီးဆုံးဘဏ်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံပေါင်း ၇၀ ကျော်တွင် ရုံးခွဲပေါင်း ၁၇၀၀ ခန့်ကို ဖွင့်လှစ်ထားရှိကြောင်း၊ ကမ္ဘာတွင်သာမက အရှေ့တောင်အာရှဒေသတွင်လည်း နှစ်ပေါင်း ၁၅၀ ကျော် နှစ်ရှည်လုပ်ကိုင်ခဲ့သည့် ဘဏ်ကြီးတစ်ခုဖြစ်ကြောင်း၊ အာဆီယံနိုင်ငံအများစုတွင်လည်း ဘဏ်များဖွင့်လှစ်ထားရှိပြီး ရုံးခန်းပေါင်း ၄၀၀ ကျော်ရှိ၍ ဝန်ထမ်းပေါင်း ၂၀၀၀၀ နှင့် လူဦးရေပေါင်း လေးသန်းခန့်ကို ဝန်ဆောင်မှုပေးလျက်ရှိသော ဘဏ်တစ်ခုဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအားကစားအဖွဲ့ ပြည်ပသို့ထွက်ခွာ

ရန်ကုန် မေ ၃

မေ ၄ ရက်မှ ၁၁ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် ၂၀၁၂ ခုနှစ် ဒုတိယအကြိမ် အာရှတိုက်ကွမ်ဒို "က" ကွက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်ဝင်း ဦးဆောင်သော အဖွဲ့ဝင် ကိုးဦးတို့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စပယ်ကြည်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒို"က" ကွက်အဖွဲ့တွင် နည်းပြချုပ် Mr. Yu Ung Cho၊ "က"ကွက်နည်းပြ ဦးသက်ရှိန် (မွေး/ရေ ဝန်ကြီးဌာန)၊ အားကစားသမားများအဖြစ် ဆန်းသက်ရှိန်၊ သော်ဇင်ဟန်၊ ချမ်းမြေ့အောင်၊ ယမင်းကေခိုင်၊ ချောကလျာဝင်းနှင့် သက်မြတ်ဦးဝေတို့ လိုက်ပါသွားကြသည်။

အလားတူ အကြိမ်(၂၀)မြောက် အာရှတိုက်ကွမ်ဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် နည်းပြဦးကျော်သန်းဦး(ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ) ဦးဆောင်သော အဖွဲ့ဝင် ကိုးဦးတို့သည် မေ ၉ ရက်တွင် ဟိုချီမင်းမြို့သို့ ထွက်ခွာမည်ဖြစ်ရာ အားကစားသမားများအဖြစ် နိုင်ဒွေးရှိန်၊ ဖရန်စစ်ဦး၊ တပ်ကြပ်ကြီး မျိုးမင်းသူ၊ ကျော်မျိုးထွန်း၊ ဝင်းထွန်းလင်း၊ နွေးနွေး၊ နှင်းလဲ့ရည်မွန်နှင့် ရွှက်ဝါထွန်းတို့ လိုက်ပါသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် ၂၀၁၂ ခုနှစ် ဒုတိယအကြိမ် အာရှတိုက်ကွမ်ဒို "က" ကွက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုက်ကွမ်ဒိုအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော ရတနာပုံအသင်း ဖူးခက် F.C ကို သရေကစား

> သတင်းနှင့် ဓာတ်ပုံ
> စိုးညွန့်(ခေတ္တ-ဖူးခက်)

ဖူးခက် မေ ၃

၂၀၁၂ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲများ သွားရောက်ကစားနေသော ရတနာပုံအသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် မေ ၂ ရက် ညနေ ၆ နာရီက ဖူးခက်မြို့ရှိ Surakul ကွင်းတွင် ဖူးခက် F.C နှင့် ခြေစမ်းကစားခဲ့ရာ**(အောက်ပုံ)** ဂိုးမရှိ သရေကျသွားသည်။

ရတနာပုံအသင်းသည် ပိုင်စိုး၊ အောင်မြင့်အေး၊ ကျော်နိုင်ဝင်း၊ ယဉ်မင်းအောင် (ဂိုး)တို့ ဦးဆောင်၍ အသစ်ခေါ်ယူ စမ်းသပ်နေသော နိုင်ငံခြားသားကစားသမားများဖြစ်သော ချီချန်ကို၊ တိုနီ၊ မာလွန်တို့ကို အသုံးပြုကစားသွားခဲ့သည်။ ရတနာပုံအသင်းနှင့် ဖူးခက်အသင်းတို့မှာ အပြန်အလှန်ကစားကာ ဂိုးမရှိသရေကျခဲ့ခြင်း ဖြစ်သည်။ ယခုရာသီဝက် အပြောင်းအရွှေ့ကာလတွင် ရတနာပုံအသင်းသည် နိုင်ငံခြားသား ကစားသမားများကို အပြောင်းအလဲပြုလုပ်ရန် စီစဉ်နေပြီး အမေရိကန် ကစားသမားတစ်ဦးနှင့် အာဖရိကကစားသမားသုံးဦးကို စမ်းသပ်နေကြောင်း သိရသည်။

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များတွင် အများပြည်သူသုံးစွဲဖို့အား ပိုမိုတည်ငြိမ်ကောင်းမွန်လာရန် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ တည်ဆောက်လျက်ရှိသော ၂၃၀ ကေဗွီ စစ်တောင်းပင်မဓာတ်အားခွဲရုံအား လက်ရှိဓာတ်အားပို့လွှတ်ထားသော ၂၃၀ ကေဗွီ ပဲခူး-သထုံ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရမည်ဖြစ်ပါသည်။

အဆိုပါ မဟာဓာတ်အားလိုင်းများ ကြိုးဆွဲချိတ်ဆက်ခြင်းလုပ်ငန်းကို ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရန်အတွက် ၂၃၀ ကေဗွီ ပဲခူး-သထုံ မဟာဓာတ်အားလိုင်းနှင့် ၃၃ ကေဗွီ ကျိုက်ထို-သိမ်ဇရပ်ဓာတ်အားလိုင်းများကို (၅-၅-၂၀၁၂)ရက် နံနက် ၆ နာရီမှ (၆-၅-၂၀၁၂)ရက် ညနေ ၆ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ နေရာဒေသများတွင် ဓာတ်အားပြတ်တောက်လျက်ရှိမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

စဉ် ဓာတ်အားပြတ်တောက်မည့်နေရာဒေသများ

၁။ သထုံနှင့် မော်လမြိုင် ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားပေးထားသော အချို့နေရာဒေသများ

၂။ ၆၆ ကေဗွီ ဘားအံခွဲရုံနှင့် မော်လမြိုင်ခွဲရုံများမှ ဓာတ်အားပေးထားသော အချို့နေရာဒေသများ

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

ပြိုင်ဆိုင်မှု ပြင်းထန်လာမည့် ချယ်လ်ဆီးနှင့် လီဗာပူးတို့၏ အက်ဖ်အေဖလားဗိုလ်လုပွဲ

ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့သည် အက်ဖ်အေဖလား ဗိုလ်လုပွဲကို မေ ၅ ရက်တွင် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပရီမီယာလိဂ်မျှော်လင့်ချက် ကုန်ဆုံးခဲ့ပြီဖြစ်သော ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့ အက်ဖ်အေဖလားရယူနိုင်ရေးကိုသာ ဦးစားပေးရုန်းကန်ရတော့မည်ဖြစ်သည်။

ထို့ကြောင့် ဗီလာဘိုအာ့စ်မရှိတော့သည့်နောက် ယာယီနည်းပြ ဒီမတ်တီယို ကိုင်တွယ်ခဲ့သည့် ချယ်လ်ဆီးအသင်းနှင့် နည်းပြ ကင်နီဒဲဂလစ်ရှ် ကိုင်တွယ်သည့် လီဗာပူးအသင်းတို့၏ အားပြိုင်မှုကို ဝင်ဘလေကွင်း၌ အဆုံးအဖြတ်ပေးနိုင်တော့မည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် ဖလားမျှော်လင့်ချက် မရှိသော်လည်း လက်ရှိအနေအထားအရ ဖလားနှစ်လုံး ပိုင်ဆိုင်နိုင်စွမ်းရှိနေသည်။ ပထမတစ်လုံးမှာ လီဗာပူးနှင့်ယှဉ်ပြိုင်ရမည့် အက်ဖ်အေဖလားနှင့် မြူးနစ်မြို့၌ ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ရမည့် ချန်ပီယံလိဂ်ဖလားတို့ဖြစ်သည်။ ချယ်လ်ဆီးအသင်း ဖလားနှစ်လုံးရယူနိုင်ရေးမည်သို့ ကြိုးပမ်းသွားမည်ကို စောင့်ကြည့်ရမည်ဖြစ်သော်လည်း လီဗာပူးအသင်းကမူ လက်ရှိ ကားလင်းဖလားချန်ပီယံ ဖြစ်နေသည်ကို သတိပြုရမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်း၏ လတ်တလော အခြေအနေအရ အက်ဖ်အေဖလားကို ရယူနိုင်စွမ်းရှိနေသည်ဟု ဆိုသော်လည်း ကားလင်းဖလားချန်ပီယံ လီဗာပူးကို လျှော့တွက်၍ မရပေ။ လီဗာပူးသည် အသင်းကြီးများကို ခြိမ်းခြောက်နိုင်စွမ်းရှိသလို ချယ်လ်ဆီးအသင်းကလည်း ထင်မှတ်မထားဘဲ အောင်ပွဲခံခဲ့သည့် အနိုင်ရလဒ်များမှာလည်း မနည်းလှပေ။

ထို့ပြင် တိုက်စစ်မှူး ဖာနန်ဒိုတောရက် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ကျူပီအာနှင့်ပွဲစဉ်တွင်လည်း တစ်ဂိုးပြီးတစ်ဂိုး အဆက်မပြတ်သွင်းကာ အနိုင်ယူခဲ့သည့် ချယ်လ်ဆီး၏ ဂိုးမြူးသည့်ခြေစွမ်းကား ကြောက်စရာကောင်းပြီး ဒီမတ်တီယို ကိုင်တွယ်ချိန် ချယ်လ်ဆီး၏ အောင်မြင်မှုမှာ သိသာပေါ်လွင်လာခဲ့သည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်း ဖလားနှစ်လုံးရယူနိုင်ရေးအတွက် ပထမမျှော်လင့်ချက် အက်ဖ်အေဖလားကိုပိုင်ဆိုင်ရန် ခြေကုန်ထုတ်ကစားလာမည် ဖြစ်သည်။

ချယ်လ်ဆီးအသင်းကို လီဗာပူးအသင်း အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ယှဉ်ပြိုင်မှု။

လီဗာပူးတွင်လည်း ဆွာရက်ဇ်နှင့် ဂျရတ်တို့၏ အပေးအယူမျှတနေပုံအရ ကင်နီဒဲဂလစ်ရှ်အတွက် စိတ်ကျေနပ်စရာတစ်ခုလည်းဖြစ်သည်။ ဆွာရက်ဇ်သည် နော့ဝှစ်ချ်နှင့် ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် နော့ဝှစ်ချ်အား အနိုင်ရခဲ့သည့်ပွဲသည် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်မည့် အက်ဖ်အေဖလား ဗိုလ်လုပွဲကို အနိုင်ရရှိရေး ခြေကုန်ထုတ်ကစားလာမည့် လီဗာပူးအသင်းအတွက် အားတက်စရာလည်း ဖြစ်ခဲ့သည်။

ထို့ပြင် လီဗာပူးအသင်းသည် ကားလင်းဖလား၌ ချယ်လ်ဆီးအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သလို စတမ်းဖို့ဘရစ်ချ်တွင် ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင်လည်း အနိုင်ကစားနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ကစားပုံခြေစွမ်းပိုင်းအရရော စိတ်ဓာတ်ကြံ့ခိုင်မှုပါ ကောင်းမွန်ပြီး နောက်ဆုံးဗိုလ်လုပွဲရောက်ခဲ့ချိန်တိုင်း အနိုင်ရသည့် ကံကောင်းသော အောင်မြင်ခြင်းရလဒ်များရှိသည်။ လီဗာပူးအသင်းသည် အက်ဖ်အေဖလား ခုနစ်ကြိမ် ရယူနိုင်ခဲ့သည်။ ထို့ကြောင့် အက်ဖ်အေဖလားသည် လီဗာပူးအသင်းဘက်သို့ အားသာနေသည်ဟု ဆိုရမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည်လည်း အက်ဖ်အေဖလားကို ခြောက်ကြိမ်ဆွတ်ခူးထားနိုင်သည့်အသင်းဖြစ်သည်။ ထို့ပြင် လက်ရှိ ချယ်လ်ဆီး၏ တိုက်စစ်ပိုင်းမှာလည်း အကောင်းဆုံးအနေအထားတွင် ရှိသည်။ ခံစစ်ရောဂိုးပါ စိတ်ချရသည်ဟု ဆိုရမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် တိုက်စစ်မှ ခံစစ်ပြောင်းလဲကစားချိန် တွင်လည်း နည်းစနစ်ပိုင်းကောင်းမွန်နေသည်။ ယင်းမှာ ဒီမက်တီယိုကိုင်တွယ်သည့် ခံစစ်ပိုင်းကြောင့် ဘာစီလိုနာတို့ ဂိုးပေါက်ပျောက်ခဲ့ရသော ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်က သက်သေပင်ဖြစ်သည်။ ထို့ကြောင့် အက်ဖ်အေဖလားနှင့် အနီးစပ်ဆုံးအသင်းဟု ပြောရမည်ဖြစ်သည်။

နိုင်လင်းကြည်

ဖာဂူဆန်က ယူရို ၂၀၁၂ ပြိုင်ပွဲတွင် ဖာဒီနန် ပါဝင်ကစားစေလို



မန်ယူ နောက်တန်းကစားသမား ရီယိုဖာဒီနန်။

မန်ချက်စတာ မေ ၃

ပရီမီယာလိဂ်ထိပ်တန်းကလပ် မန်ယူအသင်းမန်နေဂျာ ဆာအဲလက်စ် ဖာဂူဆန်သည် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် အင်္ဂလန်အသင်းအတွက် ရီယိုဖာဒီနန် ပါဝင်ကစားစေလိုကြောင်း ပြောကြားခဲ့သည်။

ရီယိုဖာဒီနန်သည် အတွေ့အကြုံရင့်ကျက်သည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ပြိုင်ပွဲတစ်ရပ်တွင် အဓိကအရေးကြီးဆုံးမှာ အတွေ့အကြုံရှိမှုသာ အောင်မြင်မှုရရှိနိုင်ကြောင်း ဖာဂူဆန်က ဆိုသည်။

အသက်(၃၃) နှစ်အရွယ်ရှိ မန်ယူနောက်တန်းကစားသမား ဖာဒီနန်သည် အင်္ဂလန်အသင်းအတွက် အကောင်းဆုံးကစားပေးနိုင်ခြင်း မရှိခဲ့ပေ။ သို့သော် အင်္ဂလန်အသင်းနည်းပြသစ် ရွိုင်းဟော့ဒ်ဆန်က ယူရို ၂၀၁၂ ပြိုင်ပွဲတွင် ဖာဒီနန်ပါဝင်ကစားရန် ဖာဒီနန်နှင့် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မန်ယူအသင်းနည်းပြ ဖာဂူဆန်က ဖာဒီနန်အား သီတင်းတစ်ပတ်လျှင် ပြိုင်ပွဲတစ်ပွဲနှုန်းကစားပေးရန် တောင်းဆိုခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ပြိုင်ပွဲပေါင်း ၃၅ ပွဲပါဝင်ကစားခဲ့သူဖြစ်ကြောင်း ဖာဂူဆန်က ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် နည်းပြဖာဂူဆန်က ဖီးဂျုန်းနှင့် စမောလင်းတို့ကိုလည်း အင်္ဂလန်အသင်း၌ ပါဝင်ကစားသင့်သည်ဟု ဆိုသည်။ သို့သော် ယခုနှစ်ဘောလုံးရာသီတွင် အဆိုပါ ကစားသမားနှစ်ဦးမှာ ပွဲစဉ်အနည်းငယ်သာ ကစားနိုင်ခဲ့ခြင်းကြောင့် ဖာဒီနန်ကိုသာ အဓိထား၍ အင်္ဂလန်အသင်း၌ ပါဝင်ကစားပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း နည်းပြဖာဂူဆန်က အတိအလင်းပြောကြားခဲ့သည်။

အင်တာနက်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးဖွင့် သင့်တင့်သောဆေးကုသစရိတ်ဖြင့် အဆင့်မြင့်မြင့် စမ်းသပ်စစ်ဆေး ဆေးဝါးကုသနိုင်

နေပြည်တော် မေ ၃

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညို ကားလမ်း ဇီဇဝါပန်းအဝိုင်းအနီး ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၌ ကျင်းပသည်။

ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင် သာယာရေးကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ နှင့် ဆေးရုံဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ သောင်းတင်ထွန်းတို့က အထူးကုဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က အထူးကုဆေးရုံကြီးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး ပုံရိပ်ဖော် ဌာနတွင် တပ်ဆင်ထားသည့် CT Scanner, Model Scenaia, 64 Slides ကွန်ပျူတာဓာတ်မှန်ရိုက်စက်ကြီး၊ Aperto Lucent MRI System, Fluroscope DHF-155VC2 X-Ray ရောဂါရှာဖွေရေးစက်၊ X-Ray Machine (Inverter) Radnext 32 ရောဂါရှာဖွေရေးစက်၊ Ultrasonography & Echocardiography ရောဂါရှာဖွေရေး စက်၊ Mammogram, Sophie Planmed ရင်သား စစ်ဆေးစက်များနှင့် နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေ ရေးဌာနတို့ကို လည်းကောင်း၊ အထူးကြပ်မတ်ကုသဌာန၊ C-arm X-Ray Machine (HITACHI), Anaesthetic Machine (GRAGER), Operating Table (MIZUHO), Double Ceiling Operating Lamp (DRAGER) စသည့် ခေတ်မီစက်ကိရိယာများ ပြည့်စုံစွာတပ်ဆင်ထားသည့် ခွဲစိတ်ခန်းမများနှင့် အထူးလူနာဆောင်တို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဝန်ဆောင်မှုအရည်အသွေး မြှင့်တင်ရေး အလုပ်ရုံဆွေးနွေး ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မိုဘိုင်းဆက်သွယ်ရေးတိုးချဲ့မှုစီမံကိန်းကို ပြည်တွင်းပြည်ပ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေ မိုဘိုင်းဆက်သွယ်မှု အရည်အသွေးမြင့်မားရန် စက်နှင့် နည်းပညာပြောင်းလဲမည်

နေပြည်တော် မေ ၃

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရန်နှင့် နိုင်ငံတော်၏ Tele Density တိုးတက်စေရန် GSM/UMTS မိုဘိုင်းဆက်သွယ်ရေးတိုးချဲ့မှုစီမံကိန်းကို ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာမှ ဆက်သွယ်ရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့်လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ယနေ့တွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နော်ဝေနိုင်ငံ Telenor Group မှ တာဝန်ရှိသူများက GSM/UMTS မိုဘိုင်းနည်းပညာနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများကို ရှင်းလင်းပြသဆွေးနွေးရာ အင်ဂျင်နီယာချုပ်များက ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းအတွေ့အကြုံများကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက Telenor ကုမ္ပဏီ၏ လုပ်ငန်းအတွေ့အကြုံကောင်းများကို အသုံးပြု၍ လိုအပ်ချက်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ မိုဘိုင်းဆက်သွယ်မှု အရည်အသွေးမြင့်မားတိုးတက်စေရန် စက်ပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာများပါ အစားထိုးပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးတင့်လွင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြွဒ္ဓိလှ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်နှင့် ဌာနကြီးမှူးများ၊ အင်ဂျင်နီယာချုပ်များ၊ နော်ဝေနိုင်ငံ Telenor Group မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

အခမ်းအနားကျင်းပ

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ယနေ့သတင်းအညွှန်း

လောကဓံတရားကို မတုန်လှုပ်ဖို့

"လောကဓံတရား ရှစ်ပါးကို လောကထဲမှာနေတဲ့ လူသားတိုင်း တစ်လှည့်စီ ကြုံရမယ်၊ ကြုံရတဲ့အခါ မတုန်လှုပ်ဖို့ မြတ်စွာဘုရားက ဟောကြားခဲ့တာကို သတိရဆင်ခြင်မိတော့မှ . . ."

ယနေ့ ဖတ်စရာ မှတ်စရာစာမျက်နှာ ၂

နေပြည်တော် အရှေ့တောင်ပေါ် ဒေသမှ ချင်းနှင့် နန္ဒင်းတက်များ ပြည်ပမှ အများအပြားမှာယူ

ပြည်တွင်းသတင်း စာမျက်နှာ ၇

ပြိုင်ဆိုင်မှုပြင်းထန်လာမည့် ချယ်လ်ဆီးနှင့် လီဗာပူးတို့၏ အက်ဖ်အေဖလား ဗိုလ်လုပွဲ

နိုင်ငံတကာအားကစား စာမျက်နှာ ၁၀

မှတ်သားဖွယ်ရာ မိုးရေချိန် [၃-၅-၂၀၁၂]

လောင်းလုံ	၂ ဒသမ ၀၅ လက်မ
ကော့သောင်း	၁ ဒသမ ၆၅ လက်မ
ဟသ်ာတ	၁ ဒသမ ၁၀ လက်မ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။